【ミャンマー】

# 留学生のしおり

## Study Guidebook






★かならず読(よ)んでください。

Make sure to read all of this instructions.

★大切(たいせつ)に保管(ほかん)してください。

Please always keep this file while you are in Japan.

| 学籍番号 Student No. | 氏名 Name |
| --- | --- |
| | |

ABK

ဂျပန်ပြည်နေထိုင်မှုရှိ အထွေထွေသတိပြုစရာများ--------------------- စာမျက်နှာ

၁။ နေထိုင်ခွင့်ကဒ်နှင့်နေထိုင်သူအခြေခံစရင်းသွင်းစနစ်---------------- ၂
၂။ (My Number) ကိုယ်ပိုင်နံပါတ်စနစ်------------------------------- ၃
၃။ နိုင်ငံသားကျန်းမာရေးအာမခံ-------------------------------------- ၄
၄။ အမျိုးသားပင်စင်------------------------------------------- ၆
၅။ အမှိုက်ပစ်ပုံပစ်နည်း------------------------------------------- ၆
၆။ စက်ဘီး----------------------------------------------------- ၉
၇။ အချိန်ပိုင်းအလုပ်---------------------------------------------- ၁၁
၈။ ဘဏ်အကောင့်ဖွင့်ခြင်း------------------------------------------ ၁၂
၉။ သဂျဝေသွားကွဘေျး အသိပေးခြကြျ ------------------------------ ၁၃
၁၀။ ခေတ္တနိုင်ငံကိုပြန်ခြင်း------------------------------------------ ၁၃
၁၁။ လက်ကိုင်ဖုန်း----------------------------------------------- ၁၄
၁၂။ အရက်သေစာနှင့်ဆေးလိပ်သောက်ခြင်း---------------------------- ၁၄
၁၃။ အရေးပေါ်အခြေအနေဆောင်ရွက်ရန်-------------------------------- ၁၄
၁၄။ တားမြစ်မူးယစ်ဆေးဝါးနှင့်စပ်လျဉ်း၍----------------------------- ၁၅
၁၅။ နေထိုင်မှုဘဝရှိဆူညံသံများ--------------------------------------- ၁၅
၁၆။ ထိုမှအခြား------------------------------------------------- ၁၅

ကျောင်းစည်းမျဉ်းစသည်နှင့်စပ်လျဉ်း၍တင်ပြခြင်း------------------------ စာမျက်နှာ
၁။ ကျောင်းသားကဒ်------------------------------------------------ ၁၆
၂။ တကျရဓာကျခွဌ---------------------------------------------- ၁၆
၃။ အောင်လက်မှတ်ထုတ်ပေးခြင်း----------------------------------- ၁၈
၄။ သင်ရိုးပြီးဆုံးချိန်စည်းမျဉ်း------------------------------------------ ၁၈
၅။ ပညာတော်သင်ထောက်ပံ့ကြေးစနစ်------------------------------------ ၁၉
၆။ ကျောင်းအာမခံ------------------------------------------------- ၁၉
၇။ မုန်တိုင်းစသည်တို့တွင် လေပြင်းတိုက်ခတ်ချိန်နှင့် ငလျင်လှုပ်သည့်အခါ အတန်းချိန် ----------------- ၁၉
၈။ ကျောင်းတက်ရောက်မှုတားမြစ်သည့် ကူးစက်ရောဂါ---------------------- ၂၂
၉။ အခြားအကြောင်းအရာ------------------------------------------- ၂၂
၁၀။ ကျောင်းတက်ရောက်ရန်ခွင့်ပြုစာလွှာ----------------------------------- ၂၄
- ဘေးအန္တရာယ်ကာကွယ်ရေးမြေပုံ

# ဂျပန်ပြည်နေထိုင်မှုရှိ အထွေထွေ သတိပြုစရာများ

## ၁။ နေထိုင်ခွင့်ကဒ်နှင့် နေထိုင်သူအခြေခံစာရင်းသွင်းစနစ်

### နေထိုင်ခွင့်ကဒ်

ဂျပန်ပြည်တွင် နေထိုင်စဉ် ကာလရှည်၊ အလည်အလတ်နေထိုင်သူများအတွက် ပြည်ဝင်ခွင့်နှင့် နေထိုင်ခွင့်ပုံစံပြောင်းလဲခြင်း၊နေထိုင်ခွင့်ကာလသက်တမ်းတိုးခွင့်ပြုခြင်းစသည်နေထိုင်မှုနှင့်စပ်လျဉ်းသည့်ခွင့်ပြုချက်အရ ပေးအပ်ပါလိမ့်မည်။ နေထိုင်ခွင့်ကဒ်သည် ဂျပန်ပြည်တွင် ID ကဒ်နှင့်လုပ်ဆောင်ပုံခြင်းအတူတူပင်ဖြစ်ခြင်းကြောင့် လုံးဝမပျောက်ပျက်အောင် ရှိပါစေ။

နထေိုငျခှငျ့အတှကျ စီမံဆောငျရှကျဆဲကာလတစျခုရှိကွောငျး သတိပွုပါ၊ ၎ငျးကာလအတှငျး သတျမှတျထားသညျ့ လုပျငနျးစဉျမြားကို ပွီးမွောကျခွငျးမရှိပါက ဒဏျငှေ ယနျး ၂၀၀,၀၀၀ ပေးဆောငျရမညျဖွစျသညျ။

### နေထိုင်ခွင့်ကဒ် အစဉ်ကိုင်ဆောင်ထားရန်




နေထိုင်ခွင့်ကဒ်သည် အမြဲကိုင်ဆောင်ထားရပါမည်။ ရဲသားမှ "နေထိုင်ခွင့် ကဒ်ပြပါ" ဟုဆိုလာပါက ပြပေးရပါမည်။ မကိုင်ဆောင်ထားခြင်း၊ ပြရန် ငြင်းဆန်ခြင်းတို့ ပြုလုပ်ပါက အရေးယူခံရမည်ဖြစ်သည်။

### အကယ်၍ ပျောက်ဆုံးသွားခဲ့ပါက

နေထိုင်ခွင့်ကဒ်ကိုပျောက်ဆုံးခြင်း၊ သူခိုးခိုးခံရခြင်း တို့ဖြစ်ပေါ်သည့်အခါ-

၁။ ရုံးခန်းသို့ အကြောင်းကြားပါ။

၂။ ရဲစခန်းသို့ ပျောက်ဆုံးကြောင်းပြပြီး ပျောက်ဆုံးကြောင်းစာနံပါတ်ကို ရယူပါ။

၃။ လူဝင်မှုကြီးကြပ်ရေးတွင် ၁၄ရက်အတွင်းနောက်တစ်ကြိမ်ပေးအပ်ရန် လျှောက်လွှာတင်ပါ။

နေထိုင်ခွင့်ကဒ်ကိုပြုလုပ်ချိန်နှင့် ပြောင်းလဲချိန်တွင် မပျက်မကွက် ရုံးခန်းသို့ယူလာပါ။

### နေထိုင်သူအခြေခံစာရင်းသွင်းစနစ်

နထေိုငျခှငျ့မှတျပုံတငျခွငျးသညျ ဂပြနျနိုငျငံသားမဟုတျသာမက ဂပြနျနိုငျငံတှငျ ကာလကွာမွငျ့စှာနထေိုငျသညျ့ နိုငျငံခွားသားမြားအတှကျလညျးဖွစျသညျ။ နေထိုင်ရာနယ်မြေသေချာပြီဆိုပါက နေထိုင်ခွင့်ကဒ်ကို ကိုင်ဆောင်ပြီး ၁၄ရက်အတွင်း ရပ်ကွက်ရုံးနှင့် မြို့နယ်ရုံးသို့ စာရင်းသွင်းရန်သွားပါ။ နေထိုင်သူအခြေခံစာရင်းသွင်းရာတွင် အမည်၊ မွေးသက္ကရာဇ်၊ ကျား/မ၊ နေရပ်လိပ်စာ တို့ကိုဖော်ပြထားပြီး နေထိုင်သူဇယား ဖန်တီးခြင်းစသည်တွင် စီမံအုပ်ချုပ်ရေးဝန်ဆောင်မှုမှ ရုံးပိုင်းဆိုင်ရာလုပ်ငန်းစဉ်တွင် အသုံးပြုပါလိမ့်မည်။

**နေထိုင်ရာ နယ်မြေပြောင်းသောအခါ (အိမ်အပြောင်းအရွှေ့ပြုလုပ်ပါက)**

၁။ အိမ်အပြောင်းအရွှေ့ပြုလုပ်ပါက "အိမ်ပြောင်းရွှေ့ခြင်း" ကိုနေထိုင်ရာ ရပ်ကွက်၊ မြို့နယ်ရုံးသို့တင်လျှောက်ပြီး ပြောင်းရွှေ့ကြောင်းထောက်ခံစာကို ရယူရမည်။
၂။ အိမ်ပြောင်းရွှေ့ပြီးနောက်ပိုင်း ၁၄ရက်အတွင်း အိမ်အသစ်နေထိုင်ရာ ရပ်ကွက်၊ မြို့နယ်ရုံးသို့သွားပြီး ပြောင်းရွှေ့စရင်းသွင်းခြင်းကို ပြုလုပ်ပါ။
※နယ်မြေအထွက်၊ နယ်မြေအဝင် ပြသည့်အခါ မပျက်မကွက်နေထိုင်ခွင့်ကဒ်ကို သယ်ဆောင်သွားပါ။
※ပြည်ပတွင်အိမ်ပြောင်းရွှေ့သည့်အခါ(အမိတိုင်းပြည်သို့ပြောင်းရွှေ့စဉ်)မှာလည်း မပျက်မကွက် အထွက်ပြခြင်းကို လျှောက်လွှာတင်ပါ။
※နေထိုင်ခွင့်ကဒ်၏ လိပ်စာနှင့် လက်ရှိနေထိုင်လိပ်စာ မတူညီပါက အရေးယူခံရပါမည်။
<u>နေထိုင်ခွင့်ကဒ်နှင့် အာမခံကဒ်ချေးငှားခြင်းတို့ကို ဥပဒေအရတားမြစ်ထားပါသဖြင့် ငှားပေးသူ၊ ငှားယူသူ နှစ်ဦးလုံး အပြစ်ပေးခံရမည်ဖြစ်သည်။ မိတ်ဆွေသူငယ်ချင်းတို့ထံမှ တောင်းဆိုခံရသော်လည်း လုံးဝငှားပေးငှားယူ မပြုလုပ်ရပါ။</u>

**သက်ဆိုင်ရာအဖွဲ့အစည်းမှပြောင်းလဲသွားသည့်အခါ**
ဘွဲ့ရ သို့မဟုတ် ကျောင်းမှနုတ်ထွက်သည့်အခါ 14 ရက်အတွင်း လူဝင်မှုကြီးကြပ်ရေးဗျူရို (*ရပ်ကွက်ရုံးမဟုတ်ပါ) သို့ အကြောင်းကြားရန် တာဝန်ရှိသည်။


အကြောင်းကြားစာဖောင်ကို ပေးဆောင်နိုင်စေရန် ကျေးဇူးပြု၍ ရုံးသို့လာရောက်ပါ။

## ၂။ My Number (ကိုယ်ပိုင်နံပါတ်စနစ်)

နိုင်ငံအရပ်ရပ်က ပညာတော်သင်ကျောင်းသားတွေအပါအဝင်နေထိုင်သူမှတ်ပုံတင်လုပ်ပြီးသူတိုင်း[မိုင်နမ်ဘာ / ကိုယ်ပိုင်နံပါတ်]တစ်ဦးလျှင်တစ်ခုလုပ်ရပါမည်။

**မိုင်နမ်ဘာရဲ့အသိပေးခြင်း[ကိုယ်ပိုင်နံပါတ်အကြောင်းကြားစာ]（個人番号通知書）**
[ကိုယ်ပိုင်နံပါတ်အကြောင်းကြားစာ]သည်ဂျပန်နိုင်ငံတွင်နေထိုင်သူတစ်ဦးချင်းစီကိုအသိပေးသည့်စာစောင်ဖြစ်သည်။ အစိုးရရုံးမှာနေထိုင်သူမှတ်ပုံတင်ပြီးလျှင်ရိုးရှင်းသောမေးလ်ဖြင့်သင့်အိမ်ကိုပို့ပေးမည်။မိုင်နမ်ဘာသည်ဂျပန်နိုင်ငံတွင်နေထိုင်ရန်အရေးပါသောလိုအပ်ချက်များဖြစ်သည့် Passport[နိုင်ငံကူးလက်မှတ်]နှင့် ဇိုင်းယူးကတ်[နေထိုင်ခွင့်ကတ်]တို့နှင့် ထပ်တူထပ်မျှ အရေးကြီးပါသည်။ [ကိုယ်ပိုင်နံပါတ်အကြောင်းကြားစာ]ကို လက်ခံရရှိပြီးတဲ့နောက်မှာ စွန့်ပစ်ခြင်း၊ ပျောက်ဆုံးခြင်း မဖြစ်စေရန် အထူးသတိပြု၍သေချာစွာသိမ်းဆည်းပါ။

**▼ကိုယ်ပိုင်နံပါတ်အကြောင်းကြားစာ（個人番号通知書）▼**






## My Number လိုတဲ့အခါ

တရားဥပဒေအရသတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများ၊အစိုးရရုံး၊အချိန်ပိုင်းအလုပ်များစသည်တို့တွင်မိုင်နမ်ဘာကိုအသိပေးရန်လိုအပ်သည်များရှိသည်။ ထို့အပြင်မိုင်နမ်ဘာသည်အလွန်အရေးကြီးသည့်ကိုယ်ရေးအချက်အလက်ဖြစ်သည်။ သူငယ်ချင်း ၊အသိမိတ်ဆွေကိုလည်း မိုင်နမ်ဘာကိုမပြောပြသင့်ပါ။ မိုင်နမ်ဘာကိုအသုံးပြုရာတွင် တရားမဝင်အသုံးပြုခြင်းမဖြစ်စေရန်ကိုယ်တွယ်အသုံးပြုရာတွင်သတိကြီးစွာထားရပါမည်။




## ကိုယ်ပိုင်နံပါတ်ကဒ်(My Number card)

မိုင်နမ်ဘာကတ်အကြောင်း

မိုင်နမ်ဘာကတ်တွင်ရေးထားသောမျက်နှာပုံဓာတ်ပုံပါသည့်ကတ်ဖြစ်သည်။မိမိကိုယ်ကိုအထောက်အထားစစ်ဆေးခြင်းတွင်သက်သေပြရန်အသုံးပြုနိုင်သည်။စည်ပင်သာယာရေးဝန်ဆောင်မှုများအတွက်အသုံးပြုနိုင်သည်။ ကိုယ်ပိုင်နံပါတ်အကြောင်းကြားစာနှင့်အတူပေးပို့ထားသော [တစ်ဦးချင်းနံပါတ်ကတ်ထုတ်ပေးခြင်းလျှောက်လွှာ]ဖြင့်လျှောက်ထားခြင်းဖြင့် မိုင်နမ်ဘာကတ်တစ်ခုပြုလုပ်နိုင်ပါသည်။ သို့သော် မိုင်နမ်ဘာကတ်လျှောက်လွှာကို မဖြစ်မနေတင်ရန်မလိုအပ်ပါ။ မလိုအပ်ပါက လျှောက်လွှာမတင်လျှင်လည်း ပြဿနာမရှိပါ။

မိုင်နမ်ဘာကိုသက်သေပြရန်စာရွက်စာတမ်းနှင့် ပတ်သတ်၍ အချိန်ပိုင်းအလုပ် သို့မဟုတ် လုပ်ငန်းခွင်ဝင်သည့်အချိန် [ဆိုင် သို့မဟုတ် Company အလုပ်လုပ်သည့်အခါ] မိုင်နမ်ဘာ ကို သက်သေပြသည့်စာရွက်စာတမ်း လိုလာလျှင် စည်ပင်ရုံးကိုသွား၍ နေထိုင်ကတ်မိတ္တူ ခေါ်[ 住民票記載事項証明書]ကိုရယူပါ ။ တစ်ရွက်လျှင် ယမ်း ၃၀၀ ခန့် ပေးဆောင်ရပါမည်။

### ၃။ နိုင်ငံသားကျန်းမာရေးအာမခံ

### နိုင်ငံသားကျန်းမာရေးအာမခံကို ကျောင်းသားအားလုံးထည့်သွင်းပေးရပါမည်။


နိုင်ငံသားအခြေခံစာရင်းသွင်းစနစ် သို့စာရင်းသွင်းပြီးပါက တူညီသော ရပ်ကွက်၊ မြို့နယ်ရုံး၏နိုင်ငံသားကျန်းမာရေးအာမခံဌာနတွင် “နိုင်ငံသားကျန်းမာရေး အာမခံ”ကို ထည့်သွင်းရမည်။ ဂျပန်နိုင်ငံသည် “နိုင်ငံသား ကျန်းမာရေးအာမခံစနစ်” ကိုကျင့်သုံးပါတယ်။ စာရင်းသွင်းသူ တစ်ဦးစီ၏ဝင်ငွေအလိုက် အာမခံငွေကိုထုတ်ပေးပြီး Mutual Aid အပြန်အလှန်ကူညီရေးစနစ်မျိုးပါ။

သတိပြုရန် : ဂျပန်တွင်နေထိုင်သော မိသားစုမှ Social Insurance ကိုထည့်ပြီးသည့်အခါ ရုံးတွင်ဆွေးနွေးတိုင်ပင်ပါ။

### ကျန်းမာရေးအာမခံသည် အနာရောဂါဖြစ်ချိန်အတွက် ကာကွယ်ရန်

အကယ်၍ကျန်းမာရေးအာမခံ မဖြည့်သွင်းပါက အူအတက်ရောင်ခြင်းကဲ့သို့ အတော်အတန်ရောဂါဖြစ်ပေါ်သည့်အခါ ၁ပတ်ကြာခန့်ဆေးရုံတက်ခြင်း၊ ခွဲစိတ်ကုသခြင်းတို့ဖြစ်ပေါ်သော်လည်း ယမ်းသောင်းပေါင်းများစွာကုန်ကျပါလိမ့်မည်။ ပညာတော်သင်ကျောင်းသားအဖို့ ဆေးရုံတက်ခြင်း၊ အဆောင်စရိတ်စသည်ကုန်ကျစရိတ်တို့သည် ပညာတော်သင်နေထိုင်မှုဘဝ၏ အခြေခံအုတ်မြစ်ကို အခြေမှစလှုပ်ရှားစေမည် မဟုတ်ပါလော။ ဒါကြောင့် ကျန်းမာရေးအာမခံစနစ်သည် ရောဂါဖြစ်ပေါ်သည့်အခါ ကုန်ကျစရိတ်ဝန်ထုတ်ဝန်ပိုးကိုအနည်းဆုံးဖြစ်စေရန်ထားရှိသည့် အာမခံစနစ်ဖြစ်ပါသည်။

## ဖြည့်သွင်းသည့်ပုံစံ



国民健康保険被保険証
有効期限　平成　年　月　日
記号 45-99 番号 9999
氏　名　東久留米　一郎
生年月日　昭和　年　月　日　性別　男
資格取得日　平成　年　月　日
交付年月日　平成　年　月　日
世帯主名　東久留米　太郎
住　所　東京都東久留米市本町三丁目3番1号
保険者番号　＊＊138453　保険者名　東久留米市　印
東京都東久留米市本町三丁目3番1号　ﾀﾞｲﾔﾙｲﾝ　0424(70)7732

စာရင်းသွင်းရန်နေရာ :
နေထိုင်ရာနယ်မြေ၊ ရပ်ကွက်၏ပြည်သူ့ကျန်းမာရေးအာမခံဌာန
လိုအပ်သည့်ပစ္စည်း : ၁။ နေထိုင်ခွင့်ကဒ်
၂။ နိုင်ငံကူးလက်မှတ်

## အာမခံကြေး လျှော့ချပမာဏ

လွန်ခဲ့သောနှစ်က ဝင်ငွေမရှိသူသည် အာမခံကြေးပေးဆောင်မှုတွင် လျှော့နည်းနိုင်ပါသည်။ ပေးဆောင်ချိန်တွင် အဝင်၌ လျှောက်လွှာတင်ပါ။ မှတ်ချက်- နောင်နှစ်မှစ၍ ရှေ့နှစ်ဝင်ငွေအရ အာမခံကြေးမှာ မတူခြားနားပါမည်။ ဒီ့ပြင်ဝင်ငွေမရှိသည့်အခါ မြို့နယ်ရုံးနှင့် ရပ်ကွက်ရုံး၏အခွန်ဌာနကို မပေးဆောင်ရသေးကြောင်းကို နှစ်စဉ်ကြေညာရန်လိုအပ်ပါသည်။




## အာမခံကြေး (Premium Payment)

ပေးဆောင်ရန် ဘီလ်စာရွက်သည် တစ်နှစ်လျှင် ၁ကြိမ် (ဘွန်းကရောရပ်ကွက်ဖြစ်ပါက ဂုလပိုင်းလလယ်၌) ပို့လာပါလိမ့်မည်။ ပေးချေရန်ကာလ နောက်ဆုံးထား၍ ဘဏ်၊ စာတိုက်၊ ကုန်စုံဆိုင်စသည်နှင့် မြို့နယ်၊ ရပ်ကွက်ရုံးများ၏ အဝင်တွင် ပေးဆောင်ရပါမည်။ မှတ်ချက် အာမခံကြေးသည် နယ်မြေအလိုက်ကွာခြားမှုရှိခြင်းကြောင့် လျှော့နည်းမည်ဆိုက ၀၅၁နှစ်လျှင် ယန်း ၁၂၀၀၀ခန့်ဖြစ်သည်။ အာမခံကြေးမပေးချေပါက အသစ်အာမခံစာရွက်မရရှိခြင်း၊ သက်ရောက်ချိန်ကာလသည် တိုတောင်းခြင်းတို့ဖြစ်နိုင်ပါသည်။ ဒီ့ပြင် နေထိုင်ခွင့်ပုံစံပြောင်းခြင်းလျှောက်လွှာနှင့် နေထိုင်ခွင့်ကာလတိုးမြှင့်လျှောက်ထားသည့်အခါ အာမခံကဒ်ပြပေးရန် တောင်းဆိုလာပါလိမ့်မည်။

## အိမ်အပြောင်းအရွှေ့ပြုလုပ်ပါက

၁။ အိမ်မပြောင်းခင်ရပ်ကွက်၊ မြို့နယ်ရုံးတွင်ပြောင်းရွှေ့အထွက်ပြခြင်းကိုအဆိုပြုစဉ် အာမခံကဒ်အဟောင်းကို ပြန်ပေးပါ။
၂။ အိမ်ပြောင်းရွှေ့နေထိုင်တော့မည့် ရပ်ကွက်၊ မြို့နယ်ရုံးတွင် ပြောင်းရွှေ့အဝင်ပြခြင်းကိုအဆိုပြုစဉ် အသစ်အာမခံကဒ်ကို လက်ခံယူပါ။

## အာမခံအသုံးပြုရန်နည်းလမ်း

ရောဂါကြောင့် ဆေးကုသမှုခံယူရသည့်အခါ ရောဂါကုသရာဌာန၏ လက်ခံနေရာတွင်နိုင်ငံသားကျန်းမာရေးကဒ်ကို မပျက်မကွက်ပြရပါမည်။ ဆေးကုသမှုစရိတ်၏ ၇၀ရာခိုင်နှုန်းကို နိုင်ငံသားကျန်းမာရေးအာမခံက ထမ်းဆောင်ပေးမည်ဖြစ်ပြီး ၃၀ရာခိုင်နှုန်းကိုသာ မိမိက ထမ်းဆောင်ရပါလိမ့်မည်။
နိုင်ငံသားကျန်းမာရေးအာမခံကို ပြုလုပ်သည့်အခါ၊ ပြောင်းလဲစရင်းသွင်းခြင်းပြုလုပ်သည့်အခါ အာမခံကဒ်အသစ်ဖြစ်သွားပြီး မပျက်မကွက် ရုံးခန်းသို့ယူလာပါ။


## နိုင်ငံပြန်ချိန်တွင် လုပ်ဆောင်ရန်


အမိမြေသို့ ပြန်သည့်အခါ နိုင်ငံသားကျန်းမာရေးအာမခံကို ထွက်သည့် လုပ်ဆောင်ချက်နှင့် အာမခံကြေးကို စရင်းရှင်းရန်လိုအပ်ပါသည်။ ခေတ္တပြန်သည့်အခါမျိုးတွင် ထိုသို့လုပ်ဆောင်ရန် မလိုအပ်ပေ။ လုပ်ဆောင်ရန်အဆင့်ဆင့်မှာ နေထိုင်ရာမြို့နယ်ရပ်ကွက်အလိုက် ကွာခြားသဖြင့် မြို့နယ်ရပ်ကွက်ရှိ နိုင်ငံသားကျန်းမာရေးအာမခံဌာန၌ စုံစမ်းပါ။

### ၄။ အမျိုးသားပင်စင်

နိုင်ငံသားပင်စင်သည် အငြိမ်းစားယူခြင်း သို့ မသန်မစွမ်းဖြစ်သည့်အခါမျိုး တွင် လူတစ်ယောက်၏နေထိုင်မှု ဘဝ တည်ငြိမ်ခြင်းကို မဆုံးရှုံးစေရန် လူ့အဖွဲ့အစည်းမှ အချင်းချင်း ကူညီထောက်ပံ့သည့် စနစ်ဖြစ်သည်။ အသက်20ပြည့်မွေးနေ့ရောက်သည့်အခါတွင် မြို့ သို့မဟုတ် ရပ်ကွက်ရုံးမှ 「基礎年金番号通知書」ကို ပေးပို့မည်ဖြစ်သဖြင့် သေချာစွာ သိမ်းဆည်းပါ။ မိမိအလှည့်တွင် အခကြေးငွေ ကင်းလွတ်ခွင့် သို့မဟုတ် လျှော့ချမှုအတွက် လျှောက်ထားနိုင်သည်။ ထိုသို့လျှောက်ထားခြင်းအတွက် နည်းလမ်းများသည် ကွာခြားမည်ဖြစ်သောကြောင့် နိုင်ငံသားပင်စင်၏ အသိပေးစာ သို့မဟုတ် 「基礎年金番号通知書」 ကို ရရှိပါက ချက်ခြင်း ရုံးသို့အကြောင်းကြားပါ ။

▼基礎年金番号通知書▼







### ၅။ အမှိုက်ပစ်ပုံပစ်နည်း

နိုင်ငံခြားမှလာသူ၊ အနီးအပါးမှနေထိုင်သူတို့အနေနှင့် အများဆုံး အခက်အခဲဖြစ်တတ်သည်မှာ အမှိုက်ပစ်နည်းဖြစ်သည်။ "အမှိုက်ဆိုသည် ဘယ်လိုပစ်ပစ်အတူတူပင်ဖြစ်သည်" ဟုထင်သူများလည်း ရှိပါလိမ့်မည်။ တိုကျိုမြို့တွင် နေအိမ်မှထွက်ရှိအမှိုက်သည် အားလုံးသတ်မှတ်ပုံစံအတိုင်း ခွဲခြမ်းပြီး သတ်မှတ်နေ့အချိန်တွင် သတ်မှတ်နေရာ၌ မထားပါက အမှိုက်ကိုစုမပေးပါ။ ဤပုံသေနည်းကို လိုက်နာရန်မှာ မြို့တော်တွင် နေထိုင်မှုအတွက် ပထမဆုံးခြေလှမ်းဖြစ်ပါသည်။

### ကျောင်းအတွင်း အမှိုက်အမျိုးအစားခွဲခြားထားခြင်း

ABK ကျောင်းအတွင်းတွင် အောက်ပါအတိုင်းခွဲခြားထားရှိသည်။
ကျောင်းအတွင်းမှအမှိုက်များအား မှန်ကန်စွာခွဲခြားပြီးအမှိုက်ပုံးများတွင် စနစ်တကျ စွန့်ပစ်ပါ။
အမှိုက်များအား အိမ်သာ၊ စာသင်ခန်းများအတွင်းတွင် ထားလျက်သား မပြုလုပ်ရပါ။
၁။ လောင်ကျွမ်းနိုင်သောအမှိုက်များ စက္ကူအမှိုက်, vinyl coated စက္ကူအမှိုက်၊ စာရွက်အစုတ်၊ tissueစာရွက်၊ ထမင်းအကြွင်းအကျန်၊ တခါသုံးတူ၊ သွားကြားထိုးတံ၊ paper ထမင်းဘူး၊ paper ပန်းကန်ပြား ၊ စက္ကူခွက်၊ လဘက်ခြောက်၊ tea bag၊ ဓါတ်ပုံ



၂။ ပလတ်စတစ်အမိုက် ထမင်းဘူး tray ,vinyl ပလတ်စတစ်အိတ်၊ ခေါက်ဆွဲဘူး၊ မုန့်အိတ်ခွံ ၊ ပုလင်းဘူးလေဘယ်、 အဖုံး、ပလတ်စတစ်နဲ့ပြုလုပ်ထားသော စာရေးကိရိယာ 、အချိုရေပိုက် straw 、sponge ရေမြုပ်,ဖော့ styrene plastic နှင့် ပြုလုပ်ထားသောခွက်များ (သတိ)Convenience store မှ ထမင်းကျန်များကို လောင်ကျွမ်းနိုင်သောအမိုက်ထည့်သည့် ပုံးထဲသို့ ထည့်ပါ ၊ တူများအား ပလတ်စတစ်အမိုက်ထည့်သည့်ပုံးထဲသို့ စွန့်ပစ်ပါ။




၃။ မလောင်ကျွမ်းနိုင်သောအမိုက် သားရေကွင်း ၊ သံထည်များ၊ ဖန်၊ ကြွေထည်၊ အလူမီနီယံ foil စက္ကူ၊ သားရေထည်၊ CD ၊ DVD




၄။ Pet Bottle（Plastic Bottle）ပလတ်စတစ်ရေဘူး  အထဲမှအရည်များအားချန်မထားဘဲ အိမ်သာ၊ ပန်းကန်စင် စသည့်နေရာများတွင် သွန်ပစ်ပြီး ဘူးအလွတ်အတိုင်းထားပါ။ လေဘယ်ကိုခွာပြီး ဘူး အဖုံးအား ပလတ်စတစ် အမိုက်ပုံးထဲသို့ စွန့် ပစ်ပါ။

၅။ သံဘူး.  ဘူး အထဲမှ အရည်များအားချန်မထားဘဲ ဘူး အလွတ်အတိုင်းထားပါ။

၆။ ပုလင်း  ပုလင်းအထဲမှ အရည်များအား ချန်မထားဘဲ အိမ်သာ၊ ပန်းကန်စင်စသည့်နေရာများတွင် သွန်ပစ်ပြီး ပုလင်းအလွတ်အတိုင်း ထားပါ။ သံထည်ဖြင့်ပြုလုပ်ထားသော ပုလင်းအဖုံးများကို မလောင်ကျွမ်းနိုင်သော အမိုက်ပစ်သည့်ပုံးထဲသို့ ပစ်ပါ။

ビ　ン


カ　ン



ペットボトル



キャップ・ラベルはプラスチックごみ

**အိမ်တွင်းအမှိုက်ခွဲခြားခြင်း**

အိမ်တွင်းအမှိုက်စွန့်ပစ်ရာတွင်နေရာဒေသပေါ် မူတည်ပြီး အနည်းငယ်ကွဲပြားမှုရှိသည်။ Bunkyouမြို့နယ်တွင် အောက်ပါအတိုင်းခွဲခြားထားရှိသည်။

၁။ လောင်ကျွမ်းအမှိုက် - မီးရှို့ဖျက်ဆီး၍ရသည့်အမှိုက် (သားငါးဟင်းရွက်အစိမ်း၊ စက္ကူ၊ အဝတ်အထည်၊ ပလက်စတစ်၊ ကြွပ်ကြွပ်အိတ်၊ ပီကေစသည်)။ တိုကျိုမြို့ဖြစ်ပါက တစ်ဝက်ထိုးဖေါက်၊ (သို့) ထိုးဖေါက်မြင် ပိုလီအိတ်တွင်ထည့်၍ အဝကိုစည်းနှောင်ပြီး ပစ်ပါ။





၂။ မီးမလောင်နိုင်သော အမှိုက် -- မီးရှို့၍မလောင်ကျွမ်းသည့်အမှိုက် (ဖန်ထည်၊ ကြွေထည်၊ လျှပ်စစ်မီးသီးစသည်)။ အန္တရာယ်မရှိသည့် ပစ္စည်းသည် အတွင်းကိုရှင်းလင်းစွာ ထိုးဖေါက်မြင်နိုင်သည့် အိတ်တွင်ထည့်ပြီး ပစ်ပါ။




၃။ အမှိုက်ကြီးများ - အရွယ်အစားအားဖြင့် ကြီးမားလှသောအမှိုက်တို့ကိုဆိုလိုသည်။ ( ပရိဘောဂ၊ စက်ဘီးစသည်) ကို စွန့်ပစ်ရာတွင် သန့်ရှင်းရေးရုံးသို့ ဖုန်းဖြင့် လျှောက်ထားပါ။
ကြီးမားသောအမှိုက်ကြီးများအတွက် ကုန်ကျစရိတ်ရှိမည်ဖြစ်သည်။



၄။ ပြန်သုံးနိုင်သောအမှိုက် (Recycle အမှိုက်) - Recycle အသစ်ပြုလုပ်နိုင်သော အမှိုက် ( သတင်းစာအဟောင်း၊ ပုလင်း၊ သံဗူး စသည်)။ သတင်းစာအဟောင်းသည် ကြိုးဖြင့် ချည်ပြီး ပုလင်း (သို့) သံဗူးတို့သည် သတ်မှတ်နေရာထည့်စရာတွင် ထည့်ပါ။



**အမှိုက်ပစ်နည်း**

အမှိုက်ကိုထုတ်သည့် နေ့၊ အချိန်၊ နေရာသည် နယ်မြေအလိုက် ကွာခြားမှုရှိသည်။ နယ်မြေ၏ အမှိုက်သိမ်းဆည်းရာနေရာရှိ ဆိုင်းဘုတ်တွင် ကြည့်ရှုနိုင်သလို အနီးအနားရှိသူများကို မေးပါ။

မိတ်ဆွေ သူငယ်ချင်းတို့ထံမှ လျှပ်စစ်ပစ္စည်းအဟောင်းတို့ကိုအလွယ်တကူမယူပါနှင့်။ ထို့ပြင် ပစ်ထားသည့်အိမ်သုံးလျှပ်စစ်ပစ္စည်းကို အသုံးပြုနိုင်သေးသည်အထင်ဖြင့် အိမ်သို့သယ်မသွားပါနှင့်။ (စွန့်ပစ်ပစ္စည်းတွင်လည်း [အိမ်သုံးလျှပ်စစ်ပစ္စည်း Recycle ဥပဒေ]၏အတွင်း၌ရှိပါသည်။ ထို့ပြင် အမှိုက်စုပုံနေရာမှ အရမ်းမဲ့ကောက်ယူပါက အရေးယူခံရပါမည်။)

☆သတိပြုရန်

ဂျပန်ပြည်တွင် "အိမ်သုံးလျှပ်စစ်ပစ္စည်း Recycle ပြုလုပ်ခြင်း" ဆိုသော ဥပဒေရှိပါသည်။ ဤသည်မှာ အဲယားကွန်း. တီဗွီ. ရေခဲသေတ္တာ.အဝတ်လျှော်စက်စသည် အိမ်သုံးလျှပ်စစ်ပစ္စည်းတို့ကိုစွန့်ပစ်ရာတွင် ဝယ်ခဲ့သည့် ဆိုင်သို့ပြန်ပို့နိုင်သည်ဆိုသည့်အကြောင်းပင်ဖြစ်သည်။ အကယ်၍ ဆိုင်၏နာမည်ကို မေ့ခြင်း၊ မသိခြင်းတို့ဖြစ်နေပါက နယ်မြေ၏ သန့်ရှင်းရေးရုံး City recycle centre ထံဆက်သွယ်ပါက အိမ်သုံးလျှပ်စစ်ပစ္စည်းအဟောင်းတို့ကို ရှင်းလင်းပေးပါလိမ့်မည်။ ပြန်လည်သိမ်းယူစေမည့် ကုန်ကျစရိတ်မှာ တီဗွီတစ်လုံးလျှင် ယန်း ၂၈၀၀+ သယ်ယူပို့ဆောင်စရိတ်တို့ဖြစ်သည်။

**၆။ စက်ဘီး**

ABK ကားရပ်နားရာနေရာတွင် စက်ဘီးကို ရပ်လိုပါက ရုံးသို့မေးမြန်း၍ စာရင်းသွင်းပါ။ ABK ကားရပ်နားရာနေရာသည် အကန့်အသတ်ရှိခြင်းကြောင့် ရပ်ထားလိုသူများပါက မဲနှိုက်ရွေးချယ်ရပါလိမ့်မည်။ ရွေးချယ်ခံရသည့်ထဲမပါဝင်ပါက ရပ်ကွက်၏ အခပေးချေရသည့် ကားရပ်နားရာနေရာစသည် တရားဝင်စက်ဘီးရပ်နားရာနေရာတွင် ရပ်နားပြီးအနီးရှိကားရပ်နားရာနေရာ၌ မရပ်ရပါ။

**စွန့်ပစ်စက်ဘီးကို ကောက်မယူရ**

ဘူတာရုံရှေ့နှင့် လမ်း၏ထောင့်နေရာတွင် အပြည့်အဝအသုံးပြုနိုင်သည့် စက်ဘီးသည် နေ့များစွာ ထိုအတိုင်းထားထားသည်ကို မကြာခဏတွေ့မြင်ရပါလိမ့်မည်။ သို့ရာတွင် ထိုစက်ဘီးတို့ကို ကောက်ယူပြီးအသုံးမပြုရပါ။ ဂျပန်ပြည်၌ စက်ဘီးသည် ခိုးယူမှုကာကွယ်ရန် စာရင်းသွင်းစနစ်ထားရှိပါသည်။ ရဲသားမှ စစ်ဆေးသည့်အခါ ကောက်ယူခဲ့သည့် စက်ဘီးဖြစ်ကြောင်းသိရပါက "စက်ဘီး သူခိုး" ဟုမှတ်ယူပါလိမ့်မည်။

**စက်ဘီးဝယ်ခြင်း**

စက်ဘီးဝယ်သောအခါ စက်ဘီးဆိုင်တွင် အကြမ်းဖက်ကာကွယ်ရေးစာရင်းသွင်းခြင်းကို ဆောင်ရွက်ရသည်။

**သူတပါးထံမှ စက်ဘီးကိုရယူပါက**

သူငယ်ချင်းထံမှ စက်ဘီးကို ရရှိပါက ကာကွယ်ရေးစရင်းသွင်းထားခြင်းရှိမရှိကို စီစစ်ပြီး လွှဲပြောင်းယူထားကြောင်း စာရွက်နှင့် ကာကွယ်ရေးစာရင်းသွင်းစာကို ရယူပါ။

လွှဲပြောင်းယူကြောင်း ဥပမာ စာရွက်'n

譲渡書

20　年　月　日

私は__________さんに自転車を譲渡します。

登録番号：____________________

譲渡者氏名：____________________

住所：____________________


被譲渡者氏名：____________________

住所：____________________

**စက်ဘီး မတော်တဆမှုများ များစွာဖြစ်ပေါ်နေခြင်း**

ABK ၌လည်း စက်ဘီးမတော်တဆမှုများ တိုးပွားလျှက်ရှိပါသည်။ ယာဉ်မတော်တဆမှုသည် တိုက်မိသူဖြစ်စေ၊ တိုက်ခံရသူဖြစ်စေ ပညာတော်သင်ကျောင်းသားဘဝအတွက် ကောင်းကျိုးမရှိနိုင်ပါ။ တိုကျိုကဲ့သို့သော မြို့တွင် စက်ဘီးစီးနင်း၍ အန္တရာယ်ရှိမည်ဆိုသည်ကို အပြည့်အဝနားလည်ထားပြီး စက်ဘီးကို အသုံးပြုပါ။ စက်ဘီး ၂ဦးစီး၊ ညအချိန် မီးလုံးမဖွင့်ခြင်း၊ ထီးဆောင်းမောင်းနှင်ခြင်း၊ ဟန်းဖုန်းဖြင့် စကားပြောရင်း မောင်းနှင်ခြင်းတို့သည် ယာဉ်စည်းကမ်းချိုးဖေါက်ခြင်းဖြစ်သည်။ ယာဉ်စီးကမ်းချိုးဖေါက်ခြင်းတို့ဖြစ်ပေါ်ပါက တိုက်ခံရသူပင်ဖြစ်စေ ချိုးဖေါက်ခြင်း၏ အရေးယူမှုကို ခံရမည်ဖြစ်သည်။

**စက်ဘီးစီးနင်းခြင်း ဥပမာ စည်းမျဉ်းများ**




ဟန်းဖုန်းကို အသုံးပြုရင်း စက်ဘီးစီးနင်းခြင်းနှင့် ထီးဆောင်းနေရင်း စက်ဘီးစီးနင်းခြင်းတို့သည် အလွန်အန္တရာယ်များသဖြင့် မပြုလုပ်ကြပါနှင့်။




(ပြစ်ဒဏ်) ယမ်း ၅သောင်းအောက် ဒဏ်ငွေ

## ၇။ အချိန်ပိုင်းအလုပ်



**အချိန်ပိုင်းအလုပ်တွင် ခွင့်ပြုချက်လိုအပ်သည်။**

(ပညာတော်သင်ကျောင်းသား) (မိသားစုနေထိုင်ခွင့်) ဗီဇာတို့သည် စည်းမျဉ်းအားဖြင့်အလုပ်လုပ်ခြင်းကို တားမြစ်ထားသည့် နေထိုင်ခွင့်ပုံစံဖြစ်ပါသည်။ ထို့ကြောင့် အချိန်ပိုင်းအလုပ်လုပ်ကိုင်ရန်အတွက်မူ လူဝင်မှုကြီးကြပ်ရေး၌ (စည်းမျဉ်းမှ ကင်းလွတ်လုပ်ကိုင်ခွင့်) ကိုရယူရမည်။ ဂျပန်ကိုရောက်လာချိန်တွင် လေဆိပ်၌ (စည်းမျဉ်းမှ ကင်းလွတ်လုပ်ကိုင်ခွင့်) ကိုမရယူခဲ့သည့်ကျောင်းသားဖြစ်ပြီး ဂျပန်သို့လာရောက်ပြီးနောက်တွင် (စည်းမျဉ်းမှ ကင်းလွတ်လုပ်ကိုင်ခွင့်) ကို ရယူသည့်အခါ လူဝင်မှုကြီးကြပ်ရေး၌ လျှောက်ထားပါ။ အချိန်ပိုင်းအလုပ်ကို မစတင်ခင် မပျက်မကွက်ရုံး၌ရှိသည့် "အချိန်ပိုင်းအလုပ်လုပ်ကိုင်ခွင့်လျှောက်ထားခြင်း" ကိုတင်လျှောက်ပါ။ ဆရာ၏ ခွင့်ပြုချက်လိုအပ်ပါသည်။

### လျှောက်လွှာတင်နည်း




လျှောက်ထားရန်နေရာ: လူဝင်မှုကြီးကြပ်ရေးဌာန

လိုအပ်သည့်ပစ္စည်း : ၁။ စည်းမျဉ်းမှ ကင်းလွတ်လုပ်ကိုင်ခွင့် လျှောက်ထားစာ
၂။ နိုင်ငံကူးလက်မှတ် ၃။ နေထိုင်ခွင့်ကဒ် ၄။ ကျောင်းသားကဒ်

လူဝင်မှုကြီးကြပ်ရေးတွင် နေထိုင်ခွင့်ကဒ်၏ ကျောဘက်၌ (စည်းမျဉ်းမှကင်းလွတ်လုပ်ကိုင်ခွင့်) တံဆိပ်တုံးနှင့် နိုင်ငံကူးလက်မှတ်တွင် (စည်းမျဉ်းမှကင်းလွတ်လုပ်ကိုင်ခွင့်) အမှတ်အသားရရှိပါက ရုံးတွင်နေထိုင်ခွင့်ကဒ်နှင့် နိုင်ငံကူးလက်မှတ်ကို ယူလာပါ။ တံဆိပ်တုံးနှင့် အမှတ်အသားကိုကော်ပီကူးပါ။

### အချိန်ပိုင်းအလုပ် အစီအရင်ခံစာ



アルバイト報告書
(学生→クラスの先生→ABK COLLEGE事務所)
アルバイト先が決まったら、この報告書を必ずABK COLLEGE事務所に提出してください。

学籍番号：＿＿＿＿ クラス＿＿＿＿ 国・地域＿＿＿＿
氏名：＿＿＿＿ ニックネーム：＿＿＿＿
勤務先名：＿＿＿＿
勤務先電話番号：＿＿＿＿
勤務先住所：＿＿＿＿
業 種：□ホール □キッチン □レジ、販売 □製造 □その他（ ）
勤務日時：□日曜 □月曜 □火曜 □水曜 □木曜 □金曜 □土曜
□シフト制／不定期（1週間に＿＿回くらい）□その他（ ）
勤務時間数：1週間の中で＿＿＿＿時間 時給：＿＿＿＿円
記入日： 年 月 日

အချိန်ပိုင်းအလုပ် အစီရင်ခံစာ အချိန်ပိုင်းအလုပ်စတင်သည့် အခါ တွင် ကျောင်းသို့ [အချိန်ပိုင်းအလုပ် အစီအရင်ခံစာ] ကိုတင်ပြပါ ။ နောက်ထပ် အချိန်ပိုင်းအလုပ်အသစ်တစ်ခု စမည့်ဆိုပါက နောက်တခါ ထပ်ရေးပြီး တင်ပြပါ ။ အချိန်ပိုင်းအလုပ်နှစ်ခု လုပ်သည့်အခါမျိုးဆိုလျှင် အစီရင်ခံစာနှစ်စောင်ရေးတင်ပါ ။[ အလုပ်နှစ်ခုကနေ သုံးခု အထိလုပ်မည်ဆိုပါက အလုပ်အကုန်လုံး၏ အပတ်စဉ် အလုပ်လုပ်ချိန်ကို တွက်ချက်ပါ ။ ထိုသို့ တွက်ချက်ရသည်မှာ ခက်ခဲမှာဖြစ်သည့်အတွက် အချိန်ပိုင်းအလုပ်သည် တစ်ခုတည်း လုပ်သည်က အကောင်းဆုံးဖြစ်ပါသည်။] https://forms.gle/JHkcG1dbxpFJbUpJ6 (← GoogleForm →)

### အချိန်ပိုင်းအလုပ်လုပ်ချိန်ကာလ

ကျောင်းသားနေထိုင်မှုအခြေအနေအရ ခွင့်ပြုချက်ရရှိထားသော အချိန်ပိုင်းအလုပ်လုပ်ချိန်သည် တစ်ပတ်လျှင် 28နာရီ အတွင်းသာလုပ်ခွင့်ရှိမည်။ [ချွင်းချက် -နွေရာသီကျောင်းပိတ်ရက် ၊ဆောင်းရာသီကျောင်းပိတ်ရက်၊ နွေဦးရာသီကျောင်းပိတ်ရက် ကဲ့သို့ ရက်ရှည်ပိတ်ရက်များတွင်မူ တစ်ရက်လျှင် 8နာရီအတွင်း လုပ်ခွင့်ရှိမည်ဖြစ်သည်။

မိသားစု နေထိုင်မှု အခြေအနေအရ ခွင့်ပြုချက်ရရှိထားသော အချိန်ပိုင်းအလုပ်လုပ်ချိန်သည် တပတ်လျှင် 28နာရီအတွင်းသာ လုပ်ခွင့်ရှိမည်။ အထူးသတိပြုရန်ချွင်းချက် [နွေရာသီပိတ်ရက် ၊ ဆောင်းရာသီပိတ်ရက် ၊နွေဦးပိတ်ရက် စသည့်ပိတ်ရက်ရှည်များတွင်လည်း တပတ်လျှင် 28နာရီအတွင်းသာဖြစ်သည် ။ တရက် လျှင် 8နာရီ အလုပ်လုပ် ခွင့်မရှိပါ။


★ညဉ့်နက်ပိုင်း 22နာရီ မှ မနက်ငါးနာရီ အတွင်း အချိန်ပိုင်းအလုပ်လုပ်ခြင်းသည် စာလေ့လာသည်ကိုထိခိုက်စေသည့်အတွက် ABK မှတားမြစ်ထားသည်။

**အချိန်ပိုင်းအလုပ်အမျိုးအစား**

★အချိန်ပိုင်းအလုပ်အမျိုးအစား  သတ်မှတ်ထားသောအချိန်အတိုင်းအတာအတွင်း မှန်မှန်ကန်ကန်အလုပ်လုပ်ခြင်းဖြစ်လျှင်စေကာမူ လိင်ပိုင်းဆိုင်ရာဖျော်ဖြေမှု အလုပ်လုပ်ခြင်းကို ပြင်းပြင်းထန်ထန် တားမြစ်ထားပါသည်။ ထိုကဲ့သို့သော လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေရေးများလုပ်သည့် ဆိုင်များတွင် ပန်းကန်ဆေးသည့် အလုပ်ဖြစ်စေ သန့်ရှင်းရေးအလုပ်ဖြစ်စေ လုပ်ခြင်းမှ တားမြစ်ထားပါသည်။

★အချိန်ပိုင်းအိမ်အရောက်ပို့ပေးသည့် အလုပ်များ ဥပမာ [ Uber Eats နှင့် Demaecan ကဲ့သို့သော ပို့ဆောင်မှုများ ] သည်ဥပဒေ အရ နိုင်ငံခြားပညာတော်သင်ကျောင်းသားများအနေဖြင့် လုပ်ခွင့်မရှိပါ။

★[တရက်လျှင် ယန်း သုံးသောင်း ရနိုင်တယ် ] စသည့် အလုပ် မျိုးမရှိပါ။ အန္တရာယ်ရှိသောအလုပ်များကို လုံးဝ ရှောင်ကြဉ်ပါ။




**သတ်မှတ်ထားသည့်အချိန်ကို ကျော်လွန်ခြင်း၊ တားမြစ်ထားသည့်အလုပ်လုပ်ခြင်းတို့ ရှိပါက-**

အထူးသတိပြုရန် အကယ်၍ သတ်မှတ်ထားသော အချိန်ထက်ပို၍ အလုပ်လုပ်မိတာ သို့မဟုတ် တားမြစ်ထားသော အလုပ်ကိုလုပ်ဆောင် ပါက နေထိုင်ခွင့် ခွင့်ပြုချက် ကိုင်ဆောင်ထားလျှင်တောင် တရားမဝင်ခြင်း အဖြစ် သတ်မှတ်ခံရပြီး လူဝင်မှုကြီးကြပ်ရေးမှ အရေးယူဖမ်းဆီးခြင်း သို့မဟုတ် ပြည်နှင်ဒဏ်ပေးခြင်း တစ်နည်းအားဖြင့် မိမိနေထိုင်ခဲ့ရာ တိုင်းပြည်သို့ပြန်ပို့ခြင်းများ ပြုလုပ်သည်။ နိုင်ငံခြားသားကိုအလုပ်ခန့်သောအခါ အလုပ်ရှင် [ ဆိုင် သို့မဟုတ် Company] မှအစိုးရ ရုံးကို သတင်းအချက်အလက်ပေးပို့သည့်အတွက် အစိုးရ ရုံးမှ အလုပ်လုပ်ခဲ့သည့် အချိန်အားလုံးပေါင်း ကို သိရှိနေပြီး ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးမှ သင် အချိန်ပိုင်းအလုပ်လုပ်သည့်နေရာ အချိန်အားလုံး သိပါသည်။ သတိထားကြပါစို့။

**၈။ ဘဏ်အကောင့်ဖွင့်ခြင်း**

ဘဏ်အကောင့် ဖွင့်ရန် သင့်ကိုယ်ပိုင်တံဆိပ်နှင့် နေရပ်လိပ်စာ ပါရှိသော နေထိုင်ခွင့်ကဒ် [ ဇိုင်းယူးကတ်]ကို လိုအပ်ပါသည်။ သင်၏ ဇိုင်းယူးကတ် တွင် နေရပ်လိပ်စာ ဖြည့်ရန်အတွက် ဂျပန်နိုင်ငံသို့ ရောက်ပြီး 14ရက်အတွင်း ရပ်ကွက်ရုံးတွင် နေထိုင်သူမှတ်ပုံတင်ခြင်း လျှောက်ရပါမည် ။ ဂျပန်စာတိုက်ဘဏ် တစ်နည်းအားဖြင့် ယူးချောဂင်းခိုး အကောင့်ဖွင့်ရန် မိမိနှင့် အနီးနားတွင်ရှိသည့် စာတိုက်ကို သွား၍ လိုအပ်သောအချက်အလက်များ ရေးဖြည့်လျှောက်ထားရမည်။

ရှူးချော့ဘဏ်၏ နိုင်ငံရပ်ခြားငွေပို့ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံရပ်ခြားမှ ရှူးချော့ဘဏ်အကောင့်သို့ ငွေပို့ပါက US ဒေါ်လာဖြင့်ပို့ရမည်။ အသေးစိတ် ငွေပို့ရန်နည်းလမ်းကို အောက်ဖော်ပြပါ ရှူးချော့ဘဏ်၏ Home Page တွင်စစ်ဆေးနိုင်ပါသည်။

<ရှူးချော့ဘဏ်၏ Home Page>

ဂျပန်ဘာသာ : http://www.jp-bank.japanpost.jp/kojin/sokin/kokusou/kj_sk_ks_gaikoku.html

အင်္ဂလိပ်ဘာသာ : http://www.jp-bank.japanpost.jp/en/djp/en_djp_index.html

☆တံဆိပ်တုံးနှင့် ပတ်သက်၍

ဂျပန်နိုင်ငံ၌ ဘဏ်၏ အကောင့်ငွေအပေးအယူနှင့် စာတိုက်အပို့ယူလက်ခံခြင်းတို့တင်မကပါပဲ နေ့စဉ်နေထိုင်မှုဘဝနှင့် တက္ကသိုလ်စာမေးပွဲဖြေဆိုချိန်စသည်တွင်လည်း တံဆိပ်တုံးလိုအပ်ပါသည်။ တံဆိပ်တုံးသည် ဂျပန်ပြည်တွင် နေထိုင်စဉ်အတွင်း အစဉ်အသုံးပြုခြင်းကြောင့် ဂရုတစိုက်သိမ်းဆည်းထားပါ။ မှတ်ချက်- တံဆိပ်တုံးသည် သစ်ပင်၊ ကျောက်တုံး၊ ပလက်စတစ် စသည်တို့ဖြင့် ပြုလုပ်ပါ။ အမှတ်အသားပါသည့်ဘက်ခြမ်းတွင် ရော်ဘာသားဖြင့် အသုံးမပြုရသဖြင့် သတိပြုပါ။


## ၉။ သင်္ဂျဝေးသွားကွဲဆာရေး အသိပေးခြား

လူမနေသည့် ကာလအတွင်း မှတ်ပုံတင်စာ၊ EMS၊ အထုတ်စသည်တို့ရောက်ရှိပါက စာတိုက်မှပုဂ္ဂိုလ်၊ အိမ်အရောက်ပို့စနစ်လုပ်ငန်းမှ ဝန်ထမ်းတို့သည် (လူမနေကြောင်းအကြောင်းကြားစာ)(စာတိုက်စသည်မှ အပ်နှံအသိပေးလွှာ) ကိုစာတိုက်ပုံးသို့ထည့်၍ ပြန်သွားပါမည်။ အောက်ဖော်ပြပါစာများ စာတိုက်ပုံးသို့ ဝင်နေခဲ့ပါက အင်တာနက်ဖြင့်လျှောက်ထားခြင်း၊ ဖုန်းဖြင့်လျှောက်ထားခြင်း စသည် တစ်ခုခုဖြင့် နောက်တစ်ကြိမ်ပို့ပေးပါလိမ့်မည်။ သတ်မှတ်ကာလအတွင်း မလျှောက်ထားပါက ပို့စာကိုပြန်ပို့လာခြင်း အပြင် ဖျက်သိမ်းခံရမည်ဖြစ်ခြင်းကြောင့် သတိပြုပါ။ လျှောက်ထားပုံလျှောက်ထားနည်းကို မသိရှိပါကရုံးသို့ လူမနေကြောင်းဆက်သွယ်အကြောင်းကြားစာကို ယူလာပါ။ ကိုယ်စားလျှောက်ထားပေးပါလိမ့်မည်။

【စာတိုက်မှလူမရှိအကြောင်းကြားစာ】　【ရမတို့ သယ်ယူပို့ဆောင်ရေးမှ လူမရှိအကြောင်းကြားစာ】






## ၁၀။ ခေတ္တတိုင်းပြည်သို့ပြန်ခြင်း

ခေတ္တဂျပန်ပြည်မှ နိုင်ငံသို့ပြန်ပါက-

ပညာတော်သင်သွားစဉ်တွင် ပိတ်ရက်ကာလစသည်အတွင်း တိုင်းပြည်သို့ပြန်ပါက နိုင်ငံမှထွက်ချိန်တွင် သက်တမ်းကျန်ရှိ တရားဝင်နိုင်ငံကူးလက်မှတ်နှင့် နေထိုင်ခွင့်ကဒ်ကို ကိုင်ဆောင်ပြီး နိုင်ငံမှထွက်ပြီးနောက် ၁နှစ်အတွင်းနှင့် ကျန်ရှိနေသည့်နေထိုင်ခွင့်ကာလအတွင်း စောနိုင်သမျှစောစော နောက်တစ်ကြိမ်တိုင်းပြည်ဝင်ချိန်တွင် “Special re-entry permit” ရှိပြီးဟုမှတ်ယူကာ “re-entry permit” ကို ယူရန်မလိုအပ်ပါ။ နိုင်ငံမှထွက်ချိန်တွင် နေထိုင်ခွင့်ကဒ်ကို ပြရပါမည်။

“special re-entry permit” သည် ၁နှစ်အတွင်း (သို့) ခွင့်ပြုချက်ကို လက်ခံရရှိသည့်အချိန်တွင် ကိုင်ဆောင်ထားသည့်နေထိုင်ခွင့်ကာလအတွင်းပြန်မလာပါက အကျုံးမဝင်တော့သဖြင့် သတိပြုရန်လိုအပ်ပါသည်။ မှတ်ချက်- ထူးခြားသည့် အကြောင်းပြချက်မရှိသ၍ အတန်းကိုအနားယူပြီး တိုင်းပြည်သို့ ခေတ္တပြန်ရန် ခွင့်မပြုပါ။ ထူးခြားသည့် အကြောင်းရှိပါက ပညာရေးဝန်ထမ်း၏ ခွင့်ပြုချက်ကို ရရှိပြီးမှသာ ကျောင်းမှသတ်မှတ်ထားသည့် ပုံစံတွင် မိဘနှစ်ပါးစသည် အကြောင်းပြချက်ကို တင်သွင်းပါ။ (အသေးစိတ် ကို [၂. တက်ရောက်ခြင်း] ၏ နံပါတ် ၁ ကို ကြည့်နိုင်ပါသည်။)

## ၁၁။ လက်ကိုင်ဖုန်း

ဂျပန်ပြည်၌ နေထိုင်ချိန်တွင် လက်ကိုင်ဖုန်းကိုဝယ်ယူသူများမည်ဟုထင်ပါတယ်။ သို့ရာတွင် ဤမျှလောက်အသုံးပြုရန် မရည်ရွယ်သော်လည်း လက်ကိုင်ဖုန်းကုမဏီမှ မြင့်မားသောကုန်ကျငွေကို ကောက်ခံသည့်အခါမျိုး ရှိပါသည်။ လက်ကိုင်ဖုန်းကုန်ကျစရိတ်မြင့်ရခြင်းအကြောင်းပြချက် အနေဖြင့်နိုင်ငံတကာဖုန်း၊ အင်တာနက်ကြည့်ရှုခြင်း၊ အသံဖိုင်စသည် ဒေါင်းလုပ်ဆွဲခြင်း၊ ဂိမ်းစသည် Application အသုံးပြုခြင်း ထိုသို့အသုံးပြုပါက ဆက်သွယ်ရေးကုန်ကျစရိတ်သည် အလွန်မြင့်လာပါသည်။ ထို့ပြင် Model ကိုလိုက်၍ အလိုလျောက်ချိတ်ဆက်ပြီးဖြစ်နေတာမျိုးလည်းရှိပါသည်။ သတင်းအချက်အလက် အခမဲ့အသုံးပြုခြင်းဖြစ်ပေါ်သည့်အခါ ဆက်သွယ်ရေးကုန်ကျငွေသည် အထူးကျခံမှုရှိခြင်းကြောင့် အသုံးပြုသည့်အခါတွင် စာချုပ်ပါအကြောင်းအရာနှင့် အသုံးပြုလိုသည့် ငွေပမာဏအစီအစဉ်ကို သတိပြုပါ။
မှတ်ချက်- လက်ကိုင်ဖုန်းကို သူများကိုပေးသုံးခြင်း၊ ပြောင်းလွဲပေးခြင်း အမည်ပေါက်ကို ချေးပေးခြင်းတို့သည် ပြစ်မှုတွင် ပါဝင်သဖြင့် မပြုလုပ်ကြပါနှင့်။ ထို့ပြင်တိုင်းပြည်ပြန်ချိန် (ခေတ္တပြန်ခြင်းမပါ) သည်စာချုပ်ပြန်သိမ်းခြင်းကို မမေ့မလျော့ဆောင်ရွက်သွားကြပါ။



## ၁၂။ အရက်သေစာနှင့် ဆေးလိပ်သောက်ခြင်း

ဂျပန်နိုင်ငံအတွင်း အရက်နှင့် ဆေးလိပ်သောက်ခြင်းကို အသိအမှတ်ပြုထားသည့် အသက်အရွယ်သည် ၂၀နှစ်အထက်ဖြစ်သည်။ အရွယ်မရောက်သေးသူ (၂၀ မပြည့်သေးသူ)တို့၏ အရက်သောက်သုံးခြင်းနှင့် ဆေးလိပ်သောက်သုံးခြင်းသည် ဥပဒေအရတားမြစ်ထားပါသည်။ အရက်၊ဆေးလိပ်ကိုခွင့်ပြုသည့်အခါ၌လည်း သင့်တော်ရုံ အခြားသူများအနှောက်အယှက်မဖြစ်အောင် သတိပြုကြပါ။
ထို့ပြင်အရက်သောက်ရန်နေရာသတ်မှတ်ထားခြင်းကြောင့် ဆေးလိပ်သည် သတ်မှတ်နေရာတွင်သာ သောက်သုံးကြပါ။ ထို့ပြင် သောက်လက်စကိုလည်း အလွယ်တကူမပစ်ပဲ ဆေးလိပ်ပစ်ရာနေရာတွင် ပစ်ခြင်းစသည် အမူအယာတို့ကို ဂရုပြုကြပါ။

## ၁၃။ အရေးပေါ်အခြေအနေ ဆောင်ရွက်ရန်

အရေးပေါ်အခြေအနေတွင် ဦးစွာ ကျောင်း၏ရုံးခန်းနှင့် ABK Bunkyo reception လက်ခံကောင်တာသို့ဆက်သွယ်ပါ!!
အမှုမတော်တဆ၊ အသည်းအသန်ရောဂါစသည်တို့ဖြစ်ပါက ချက်ချင်းပင် ရုံးနှင့် ABK လက်ခံကောင်တာသို့ ဆက်သွယ်ပါ။
ABK Japanese Language Course Office: 03-3946-2171 (9:00~17:00, weekdays)
ABK COLLEGE: 03-6912-0756 (9:00~17:00, weekdays)
ABK Reception: ①03-3946-4121(weekdays 9：00〜19：00, Saturday 9：00〜17：00)
②090-8729-9354(★Except for the above time, in case of an emergency)

**အရေးပေါ်ကား၊ မီးသတ်ကား (ဆက်သွယ်ရန် -၁၁၉)** **ရဲဌာန (ဆက်သွယ်ရန် ၁၁၀)**


**၁၄။ တားမြစ်မူးယစ်ဆေးဝါးနှင့် စပ်လျဉ်း၍**



အားလုံးပဲ မူးယစ်ဆေးဝါးအရမ်းမဲ့ အသုံးပြုခြင်း၏ ပြစ်ချက်များကို ပြည့်စုံစွာသိပြီးဖြစ်မယ်လို့ မျှော်လင့်ပါတယ်။ သို့သော်လည်း ထပ်လောင်း၍ အန္တရာယ်ဖြစ်ပေါ်နိုင်ခြေကို သတိပြုကြစေချင်ပါတယ်။ တားမြစ်မူးယစ်ဆေးဝါးဟုခေါ်ခံရသည့် မိုန်းဆေး ၊ဆေးခြောက်၊ တရားမဝင်၊ အန္တရယ်ရှိသော ဆေးဝါးစသည်တို့ရှိပါသည်။ လက်ရှိတွင် ဤပစ္စည်းများသည် ယခုအချိန်မှာ အလွယ်တကူရရှိနိုင်သည့် အခြေအနေတွင်ရှိပြီး အရမ်းမဲ့အသုံးပြုသူ ငယ်ရွယ်သူတို့တိုးပွားလာနေပါတယ်။ နှုတ်ထွက်စကားချိုသာစွာ ဆွဲဆောင်၍ လိမ်လည်လှည့်ဖျားခြင်း မခံကြရန်နှင့် ကိုယ်တိုင်စိတ်ပါဝင်စား၍ဖြစ်စေ မသုံးစွဲကြပါနှင့်။ တားမြစ်ဆေးဝါးများ တွေ့ရှိရုံဖြင့် ပြင်းထန်စွာအရေးယူခံရပါမည်။ တားမြစ်ဆေးဝါးတို့သည် ပညာတော်သင်ကျောင်းသားအားလုံးတို့၏ ရည်မှန်းချက်ကို ဆုံးရှုံးစေမည်ဖြစ်ပါသည်။ လုံးဝ မစမ်းသပ်ကြည့်ကြပါနှင့်။

**၁၅။ နေထိုင်မှုဘဝရှိ ဆူညံသံများ**

ကျောင်းသားအဆောင်နှင့် စုပေါင်းအိမ်ယာတို့တွင် မိမိတို့၏ အခန်းမှ အသံသည် အထက်အောက်အလွှာနှင့်ကပ်လျက်အခန်းတို့ကို ကူးစပ်ရောက်ရှိနိုင်ပါသည်။ နေ့စဉ်နေထိုင်မှုပတ်ဝန်းကျင်ရှိ အသံအချို့ကိုမူအပြန်အလှန်သည်းခံကြရသော်လည်း ဆူညံလွန်းသောအခါ အခက်အခဲဖြစ်လာပါသည်။ သာမာန်အားဖြင့် ည ၉နာရီကျော်ပါက တတ်နိုင်သ၍နေထိုင်မှုဘဝရှိ အသံကို မကျယ်လောင်စေပါနှင့်။ သူငယ်ချင်းအချင်းချင်းစုဝေး စကားပြောကြသည်မှာ ပျော်စရာကောင်းလှသော်လည်း စကားများအပြန်အလှန်ပြောကြရင်းမှ မသိလိုက်ခင်အတွင်း အသံအကျယ်ကြီးဖြစ်ကာ အနီးအပါးမှနေထိုင်သူတို့ကို အနှောက်အယှက်ဖြစ်စေတတ်ပါသည်။ ထို့ပြင် တီဗွီနှင့်တေးဂီတ၏ အသံပမာဏ၊ အဝတ်လျှော်စက် စသည်တို့၏ အသံကိုဂရုစိုက်ကြပါ။ အထူးသဖြင့် တံခါးဖွင့်ထားတတ်ကြသည့် နွေအခါတို့တွင် အနီးအပါးမှ နေထိုင်သူတို့ကို အနှောက်အယှက်ဖြစ်စေတတ်သဖြင့် သတိပြုကြပါ။

**၁၅။ ထိုမှအခြား**


ပတ်ဝန်းကျင်တွင် ကျောင်းနှင့် ပန်းခြံ၊ ကုမဏီစသည်တို့၏ ဝန်ဆောင်မှုများစွာရှိနေပြီး နေထိုင်သူလည်းများစွာရှိပါသည်။ အားလုံးလုံခြုံစိတ်ချစွာ စိတ်အေးချမ်းသာစွာနေထိုင်ကြစေရန် ကိုယ်ချင်းစာ သတိထားပေးကြပါ။

**ခြေလျင်သွားခြင်း၏ အဟန့်အတားကို သတိပြုရန်**

ကျောင်းတက်ချိန်၊ အိမ်ပြန်ချိန်၊ နေ့လည်စာဝယ်ရန်သွားချိန်တို့တွင် အခြားသူများ ခြေလျင်သွားသည်ကို အဟန့်အတား မဖြစ်စေရန်သတိပြုပါ။ သူငယ်ချင်းအချင်းချင်းပင်ဖြစ်စေ လမ်းကိုကျဲဖြန့်၍လမ်းလျှောက်ပါက အခြားသူများကို အနှောက်အယှက်ဖြစ်စေပါလိမ့်မည်။

## ကျောင်းစည်းမျဉ်းစသည်နှင့်စပ်လျဉ်း၍တင်ပြခြင်း

### ၁။ ကျောင်းသားကဒ်




ကျောင်းသားကဒ်သည် ဤကျောင်းပညာရေး၏ ကျောင်းသားအနေဖြင့် ကိုယ်ရေးသက်သေခံကဒ်ဖြစ်သည်။ ကျောင်းတက်နေစဉ်ကာလအတွင်းမဖြစ်မနေ နေထိုင်ခွင့်ကဒ်နှင့်အတူ မပျောက်ရအောင် အမြဲကိုင်ဆောင်ထားရမည်။ (ABK ၌ နေထိုင်သည့် ကျောင်းသားသည်လည်း ထို့အတူပင်) ကျောင်းသားကဒ်သည် စာမေးပွဲဖြေဆိုသည့်အခါ၊ အောင်လက်မှတ်ထုတ်ပေးသည့်အခါ၊ အခြားသော ကဒ်ပြားများ အာမခံသည့်အခါတွင် လိုအပ်ပါသည်။ အကယ်၍ ပျောက်ဆုံးခြင်း၊ ပျက်ဆီးခြင်းတို့ ဖြစ်ပေါ်ချိန်နှင့် ဖေါ်ပြထားသည့်အကြောင်းအရာများပြောင်းလဲလိုသည့်အခါတို့တွင် ရုံးခန်း၌နောက်တစ်ကြိမ်ထုတ်ယူနိုင်ပါသည်။

### ၂။ တက်ရောက်နှုန်း

ကျောင်းခေါ်ချိန်ပြည့်မှီခြင်းနှင့် ပတ်သက်၍ နေ့စဉ်အချိန်တိုင်း ဆရာမှ ကျောင်းတက်ရောက်မှုကို မှတ်တမ်းတင်ပါသည်။ ကျောင်းခေါ်ချိန်တက်ရောက်မှုအနေအထား ဆိုးရွားသည့် ကျောင်းသားသည် သင်ယူလေ့လာခြင်းတွင် ကြီးမားသောဘေးအန္တရာယ်ဖြစ်ပေါ်စေရုံမကပါပဲ အထူးပြုပညာသင်ကျောင်း (Sennmonn gakkou)၊ တက္ကသိုလ်၊ တက္ကသိုလ်ပညာသင်ယူချိန်တို့တွင် အာမခံပေးမည်မဟုတ်ပါ။ ထို့ပြင် တက်ရောက်မှုအနေအထားဆိုးရွားပါက အရေးယူခံရပါမည်။ တက္ကသိုလ်စသည်တို့တွင် ဆက်လက်ပညာသင်ယူနေခြင်း၊ ဗီဇာကာလသက်တမ်းတိုးခြင်းတို့ရှိသည့်အခါ ဂျပန်စာသင်ကျောင်း တက်ရောက်ကြောင်းလက်မှတ်ကို လူဝင်မှုကြီးကြပ်ရေးသို့တင်ပြရပါသည်။ ကျောင်းခေါ်ချိန် တက်ရောက်နှုန်းဆိုးရွားနေပါက သက်တမ်းတိုးရန် မဆောင်ရွက်နိုင်တာမျိုးလည်းရှိတတ်ပါသည်။

သတိပြုရန်!
၂၀၁၆ခုနှစ်၏ ဥပဒေသစ်အရ လူဝင်မှုကြီးကြပ်ရေးမှ တက်ရောက်နှုန်းစီစစ်မှုမှာ ပိုမိုတင်းကျပ်လာခဲ့ပါသည်။ လက်တွေ့အားဖြင့် ကျောင်းခေါ်ချိန်မကောင်းသောကျောင်းသားများနှင့်စပ်လျဉ်း၍ ဂျပန်ကျောင်းမှ လူဝင်မှုကြီးကြပ်ရေးဌာန၌ လစဉ်အကြောင်းမကြားမနေရဖြစ်လာပြီးဖြစ်သောကြောင့် သတိပြုရပါမည်။

### ကျောင်းတက်မှန်ဆု၊ အားလုံးနီးပါးကျောင်းမပျက်သည့်ဆု

တစ်နှစ်ပတ်လုံး အတန်းပျက်ကွက်ခြင်းမရှိသည့် ကျောင်းသားသည် ကျောင်းတက်မှန်ဆု၊ အားလုံးနီးပါး မပျက်ကွက်သော ကျောင်းသားသည် ကျောင်းတက်မှန်ဆုအနေဖြင့် သင်တန်းဆင်းပွဲတွင် ဆုပေးပါမည်။

**တကျရဓာကျသည်ျရကျအရအေတှကျ အရေးကြီးပါသည်။**

၁။ တက္ကသိုလ်၊ တက္ကသိုလ်ကျောင်း၊ အထူးပြုပညာသင်ကျောင်းလျှောက်ထားခြင်း
၂။ ထောက်ခံချက်ဖြင့် ကျောင်းဝင်ရန် လျှောက်ထားခြင်း (95%မပြည့်သည့်ကျောင်းသား၊ မလျှောက်ထားနိုင်။)
၃။ ပညာတော်သင်ဆုကြေးငွေ လျှောက်ထားခြင်း (95%မပြည့်သည့်ကျောင်းသား၊ မလျှောက်ထားနိုင်)
၄။ ဗီဇာသက်တမ်းတိုးခြင်းနှင့် အသစ်ပြုလုပ်ခြင်း
၅။ အခြား

**တစ်နှစ်တာကျောင်းခေါ်ချိန် တက်ရောက်နှုန်းတွက်ချက်နည်း**

(တစ်နှစ်တာကျောင်းတက်ချိန်အရေအတွက် - တစ်နှစ်တာကျောင်းပျက်ချိန်အရေအတွက် )
÷တစ်နှစ်တာအတန်းချိန်×၁၀၀

**နောက်ကျခြင်း၊ စောပြန်ခြင်းကိစ္စ**

နောက်ကျခြင်း (သို့) စောပြန်ခြင်းကို ၃ကြိမ်တိုင်ပါက အတန်းကို ၁နာရီအနားယူသည်ဟု မှတ်ယူပါမည်။ ၂၀မိနစ်အထက် နောက်ကျခြင်းကို ပျက်ကွက်ဟု မှတ်ယူပါမည်။ ပျက်ကွက်သည့်အခါ မနက် (၉း၀၀ မှ ၉း၃၀ တွင်) မပျက်မကွက် ဖုန်းဖြင့် ရုံးသို့ဆက်သွယ်အကြောင်းကြားပါ။ ဆက်သွယ်၍မရသည့်အခါတွင်လည်း နောက်ရက်များတွင် မပျက်မကွက် အကြောင်းအရင်းကို ပြန်၍အသိပေးပါ။ သို့ရာတွင် နံပါတ် (၁) ကဲ့သို့သော အကြောင်းပြချက်မျိုးဖြင့် ကြိုတင်၍အတန်းပိုင်ထံ "ကျောင်းပျက်ခွင့်" တင်လျှောက်ပါက "တရားဝင်ကျောင်းပျက်ခွင့်" ရရှိကာ ပျက်ကွက်ဟု မှတ်ယူမည်မဟုတ်ပါ။ "တရားဝင်ကျောင်းပျက်ခွင့်" ကိုထောက်ခံစာကို အတန်းပိုင်ထံမှရယူပါ။



(၁) တရားဝင်ပျက်ကွက်ခြင်း
- တက္ကသိုလ်ကျောင်း၏ အကြံပေးနှင့်တွေ့ဆုံခြင်း
- တက္ကသိုလ် ကောလိပ်.အထူးပြုပညာသင်ကျောင်းစသည်သို့ စာမေးပွဲဝင်ရောက်ဖြေဆိုခြင်း
  ဝငျခွင့ျစာမေးပှဲမငြ်း။ စုဆဓာငျးရေးစာမေးပှဲ
- ဗီဇာသက်တမ်းတိုးခြင်း၊ ဗီဇာပုံစံပြောင်းလဲမှု လုပ်ဆောင်ခြင်း
- နေထိုင်ခွင့်ကဒ် ဆောင်ရွက်ခြင်း
- ပညာသင်ဆုအတွက် အင်တာဗျူးဝင်ခြင်း
- ဆုမြိုးရြငျးခငြ့ကှယျလှနျခွငျးကွဓာငျ မရှိခွငျး။ (သကျသပေ့ရနျ စာရကျစာတမျးမငြ်း တငျပွပါ။)
- ကျောင်းအုပ်မှအထူးအသိအမှတ်ပြုခဲ့သည့် လုပ်ငန်းဆောင်တာစသည်သို့ ပါဝင်ခြင်း
  (ဥပမာ- ထွက်ခဲ့သည့်ကျောင်းမှ ကျောင်းဘွဲ့ယူပွဲစသည် တက်ရောက်သည့်အခါ)

(၂) ပျက်ကွက်ဟုမမှတ်ယူ
- လမ်းပန်းဆက်သွယ်ရေးနောက်ကျခြင်းကြောင့် ပျက်ကွက်ခြင်း၊ နောက်ကျခြင်း (လမ်းပန်းဆက်သွယ်ရေး အုပ်ချုပ်ရေးပိုင်းမှ နောက်ကျကြောင်းစာလွှာကို ယူလာပါ။)
- ကြေညာချက်ထုတ်ပြန် ကူးစက်ရောဂါကြောင့် တက်ရောက်မှုရပ်နားခြင်း (အသေးစိတ်ကို [၈။ ကျောင်းတက်မှုပိတ်ပင် ကူးစက်ရောဂါ] ကိုကြည့်ပါ။)

(၃) ပျက်ကွက်သည့်အခါ
- ရောဂါ၊ ကလေးမွေးဖွားခြင်း
- စည်းမျဉ်းမှကင်းလွတ်လုပ်ကိုင်ခွင့်ကို လျှောက်ထားခြင်း
- တက္ကသိုလ်၊ ကောလိပ်၊ အထူးပြုပညာသင်ကျောင်းစသည် လေ့လာကြည့်ရှုခြင်း၊ လျှောက်လွှာတောင်းခံခြင်း
- ထိုမှအခြား

## ၃။ အောင်လက်မှတ်ထုတ်ပေးခြင်း

အမျိုးမျိုးသော ကဒ်၊ အောင်လက်မှတ်ထုတ်ပေးခြင်းကို ရုံးခန်းတွင်ဆောင်ရွက်ပေးနေပါသည်။ ပုံစံစာရွက်၌ လိုအပ်ချက်များကို ဖြည့်သွင်း၍ အတန်းပိုင်၏ တံဆိပ်တုံးနှိပ်ကို ခံယူကာ ရုံးသို့လျှောက်ထားပါ။ အသေးစိတ်ကို ရုံးခန်း၌ စုံစမ်းမေးမြန်းပါ။

## ၄။ သင်ရိုးပြီးဆုံးချိန် စည်းမျဉ်း




သတ်မှတ်သင်ရိုးညွှန်းတမ်း ပြီးဆုံးပါက ကျောင်း၏ပုံမှန် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းရန်လိုအပ်ပါသည်။

၁။ အားလုံးသောသတ်မှတ်စာမေးပွဲကို ဖြေဆိုနေခြင်း

၂။ အတန်းဆုံးစာမေးပွဲဖြေဆိုနေခြင်း

၃။ တစ်နှစ်တာလုံး ကျောင်းခေါ်ချိန်တက်ရောက်နှုန်းမှ သတ်မှတ်ကျောင်းခေါ်ချိန်ကိုပြည့်မှီ ကျော်လွန်နေခြင်း

---

**ABK Japanese course 『တက္ကသိုလ်ဆက်လက်တက်ရောက်နိုင်ရန် ပြင်ဆင်သည့်အတန်း (Prep. Course2)』 အတန်းဆုံးခြင်းနှင့်ပတ်သက်၍**

ABK Japanese Course 『တက္ကသိုလ်ဆက်လက်တက်ရောက်နိုင်ရန် ပြင်ဆင်သည့်အတန်း (Prep. Course2) 』 တွင်စာရင်းသွင်းထားသည့်ကျောင်းသားဖြစ်ပြီး တက္ကသိုလ် Bachelor ဒီဂရီနှင့်အဓိကဘာသာရပ်သင်ကျောင်း (Professional Training College) တွင်ဆက်လက်တက်ရောက်ရန် “တက္ကသိုလ်ပညာသင်ယူရန် ပြင်ဆင်သည့်သင်ရိုး” ကို ပြီးဆုံးရန်လိုအပ်ပါသည်။ အတန်းဆုံးရန်အတွက် အောက်ပါအချက်များ ရှင်းလင်းထင်ရှားရန် လိုအပ်ပါသည်။

၁။ အားလုံးသောသတ်မှတ်ကာလအတိုင်း စာမေးပွဲဖြေဆိုနေခြင်း

၂။ အတန်းဆုံးစာမေးပွဲကို ဖြေဆိုနေခြင်း


၃။ တစ်နှစ်တာကျောင်းခေါ်ချိန်မှ သတ်မှတ်ကျောင်းခေါ်ချိန်အထက်ပြည့်မှီခြင်း

၄။ ထိုသင်ရိုးညွှန်းတမ်းတွင် လိုအပ်သည်ဆိုသော အခြေခံဘာသာရပ်များကို ပြန်လှန်လေ့ကျင့်နေခြင်း

၅။ စာမေးပွဲရလဒ်သည် သတ်မှတ်စံနှုန်းအထက်တွင်ရှိခြင်း

အထက်ပါ သင်ရိုးညွှန်းတမ်း ပြီးဆုံးကြောင်း ရလဒ်တို့မပြည့်မှီပါက “တက္ကသိုလ်ပညာသင်ယူရန် ပြင်ဆင်သည့် သင်တန်းပြီးဆုံးကြောင်း အောင်လက်မှတ်” ကို ထုတ်မပေးပါ။ ထိုအတန်းကို စာရင်းသွင်းထားသော်လည်း တက္ကသိုလ်နှင့် အထူးပြုဘာသာရပ်သင်ကျောင်းတွင် “ကျောင်းဝင်ရန် အရည်အချင်းမပြည့်မှီ” ဟုမှတ်ယူမည်ဖြစ်ပြီး ကျောင်းဝင်၍ရမည်မဟုတ်ပါ။ ဒို့ပြင် ထိုသင်ရိုး၏ တဝက်ပင်ဖြစ်နေသော်လည်း ကျောင်းခေါ်ချိန်အနေအထားအရ သင်ရိုးပြီးဆုံးကြောင်းမှတ်ယူရန် အလားအလာမရှိပါက “အတန်းဆုံးတက်ရောက်အောင်လက်မှတ်” ကိုထုတ်မပေးပါ။ ဤတွင် တက္ကသိုလ်နှင့် အထူးပြုဘာသာရပ်သင်ကျောင်း၏ “စာမေးပွဲဖြေဆိုခွင့် မရှိ” ဖြင့် မဖြေဆိုရတော့သည်အထိလည်း ရှိပါသဖြင့် စည်းမျဉ်းအတိုင်း ကျောင်းခေါ်ချိန်နှင့် သင်ယူလေ့လာမှုမပျက်ကွက်ရန် သတိချပ်ကြပါ။

---






## ၅။ပညာတော်သင် ထောက်ပံ့ကြေးစနစ်

တစ်နှစ်တာတွင် တစ်ခုခု ပညာတော်သင်ဆုနှင့် မိတ်ဆက်ပေးပါသည်။ တစ်ခုနှင့်တစ်ခု ခေါ်ယူချိန်မတူညီသောကြောင့် မိတ်ဆက်မည်ဆိုက အတန်းနှင့် Notice Board ၌အသိပေးကြေးညာပါမည်။

## ၆။ကျောင်းအာမခံ

သတိပြုရန် : နိုင်ငံသားကျန်းမာရေးအာမခံနှင့်အခြားအာမခံတို့ဖြစ်သည်။ အမှုအခင်း၊ မတော်တဆမှုတို့ တွေ့ကြုံရပါက ချက်ချင်း ကျောင်းသို့ ဆက်သွယ်ပါ။ ကျောင်းတွင် ကျောင်းသားအားလုံးကိုရည်ရွယ်၍ ကျောင်းအာမခံကို သွင်းနိုင်ပါသည်။ အားလုံးပဲ မတော်တဆဖြစ်စေသူ၊ ပြုခြင်းခံရသူ (လျော်ကြေးငွေပေးဆောင်ရမည့် အမှု)တို့ဖြစ်ပေါ်သည့်အခါ သတ်မှတ်အာမခံငွေတို့ ပေးဆောင်ရပါမည်။ မတော်တဆမှုတို့ တွေ့ကြုံရသည့်အခါ ချက်ချင်း ရုံးခန်းသို့ ဆက်သွယ်အကြောင်းကြားပါ။

| အာမခံငွေပေးအကြောင်းအရာ | အာမခံငွေ ・ Reimbursement Claim (up to) |
|---|---|
| ကုညီထောက်ပံ့ရေးအာမခံငွေ(သတ်မှတ်ပေးချေငွေ) | 1,000,000JPY |
| မတော်တဆမှုကြောင့်သေဆုံးခြင်း၊နေ့စဉ်နေထိုင်ရာမှ ဘေးအန္တရာယ်ကြုံရမှု(အမြင့်ဆုံး) | 1,000,000JPY |
| လျော်ကြေးတာဝန်ယူမှုအာမခံ(မတော်တဆမှုတစ်ခုကိုပေးချေပမာဏ) | 50,000,000JPY |

သတိပြုရန် :
၁။ နိုင်ငံသားကျန်းမာရေးအာမခံနှင့် Social Insurance တို့သည့်သီးခြားအာမခံဖြစ်ပါသည်။ ကျောင်းအာမခံကိုထည့်သွင်းထားသော်လည်းပဲ မပျက်မကွက် နိုင်ငံသားကျန်းမာရေးအာမခံနှင့် Social Insurance တို့ကို ဖြည့်သွင်းရန်လိုအပ်ပါသည်။
၂။ မိမိကြောင့်ဖြစ်ပေါ်သည့် မတော်တဆမှု(လျော်ကြေးပေးဆောင်ရမည့် အမှု)ကိုပြုမိသည့်အခါ အမှုရင်ဆိုင်မှုမပြုလုပ်ပဲ ရဲဌာနနှင့်ကျောင်းသို့ ဆက်သွယ်အကြောင်းကြားပါ။

## ၇။ မုန်တိုင်းစသည်တို့ တွင် လေပြင်းတိုက်ခတ်ချိန်နှင့် ငလျင်လှုပ်သည့်အခါ အတန်းချိန်


### ၇-၁။ မုန်တိုင်းအရ (လေပြင်း) တိုက်ခတ်ချိန်၏ အတန်း

မုန်တိုင်းတိုကျိုသို့ နီးကပ်လာပါက တိုကျို ၂၃ ရပ်ကွက် (တိုကျို ၂၃ ရပ်ကွက်၊ အရှေ့ပိုင်း နှင့် ၂၃ရပ်ကွက်အနောက်ပိုင်း ထုတ်ပြန်သည့်အခါ အတူတူပင်) ၌ "လေပြင်းတိုက်ခတ် သတိပေးကြေညာချက်" မိုးလေဝသဌာနမှ ထုတ်ပြန်သည့်အခါ အတန်းချိန်နှင့် ပတ်သက်၍ အောက်ပါအတိုင်းဖြစ်ပါသည်။ ထိုနေ့၏ မနက်နှင့် မိုးလေဝသဌာန၏ HP (http://www.jma.go.jp/jma/index.html) နှင့် တီဗွီအစီရင်ခံခြင်းကို ကြည့်ပါ။


- မနက်ပိုင်း ၇နာရီအချိန်တွင် [လေပြင်းတိုက်ခတ်ကြေညာချက်] ထုတ်ပြန်ဆဲကာလအတွင်း - မနက်ပိုင်းကျောင်းနားမည်။
- မနက်ပိုင်း ၁၀နာရီအချိန်တွင် [လေပြင်းတိုက်ခတ်ကြေညာချက်] ကမရုပ်သိမ်းသေးပဲ ထုတ်ပြန်ဆဲဖြစ်ပါက - ညနေပိုင်းလည်း ကျောင်းနားမည်။

[အင်တာနက်၌ ရှာဖွေနည်း]


၁။ မိုးလေဝသဌာန (Ki Shou Chou) ၏ ဖုန်းဖြင့် [မိုးလေဝသထုတ်ပြန်ချက်. သတိပေးကြေညာချက်] ကို Click နှိပ်ခြင်း




၂။ တိုကျိုမြို့ကို Click နှိပ်ခြင်း




၃။ တိုကျို ၂၃ရပ်ကွက်အတွင်း [လေပြင်းတိုက်ခတ်ကြေညာချက်] ကော်လံတွင် အမှတ်အသား (●) ရှိသည့်အခါ “လေပြင်းကြေညာချက်” ဟုထုတ်ပြန်ပါမည်။



☆ တိုကျို ၂၃ရပ်ကွက် ပြင်ပ နယ်မြေများတွင် နေထိုင်သောအခါ အဲဒီနယ်မြေတွင် "လေပြင်းတိုက်ခတ်ကြေညာချက်" ထုတ်ပြန်ထားပါက ကျောင်းသို့မလာပဲ အထက်ပါစံသတ်မှတ်ချက်ကို ကိုက်ညီပါစေ။

**၇-၂။ ကျောင်းခေါ်ချိန်မတိုင်မီ ငလျှင်လှုပ်ခတ်မှုဖြစ်ပွားပါက**

တိုကျိုမြို့ရှိ ၂၃ မြို့နယ်အတွင်း ငလျှင်ပြင်းအား အဆင့် ၅ အောက်နှင့် ၅ အထက်ရှိသော ငလျှင်သည် ကျောင်းခေါ်ချိန်မတိုင်မီ လှုပ်ခတ်မှုဖြစ်ပါက မနက်ပိုင်းတန်းချိန်၊ ညနေအတန်းချိန်ပါ ပိတ်ပေးပါမည်။ ငလျှင်လှုပ်ခတ်တဲ့နေ့ရဲ့မနက်ပိုင်းမိုးလေဝသသတင်း HP (http.//www.jma.go jp/jma/index.html) နှင့် တီဗွီက လွှင့်သောသတင်းများကို နားထောင်ပါ။ အကယ်၍ ရထား၊ကား၊ Taxi အစရှိသော လမ်းပန်း ဆက်သွယ်ရေးများရပ်တန့်ထားသည့် အခြေအနေပေါ်မူတည်ပြီးလည်း လိုအပ်သလို ကျောင်းအုပ်ကြီး ရဲ့ခွင့်ပြုချက်ဖြင့် ကျောင်းကို ပိတ်ပေးမည့် အနေအထားလည်းရှိပါသည်။

* ဂျပန်ငလျှင်လှုပ်ခတ်ပြင်းအားနှင့် စပ်လျဉ်း၍ ဖော်ပြပါဇယားတွင်ရှင်းလင်းထားပါသည်။

**ငလျှင်ပြင်းအားအဆင့်အလိုက် ဖော်ပြချက်**

ငလျှင်ပြင်းအား အဆင့် 0 7 ထိ ငလျှင်ကို 10 ပိုင်းခွဲ၍ဖော်ပြပါမည်။

| ပြင်းအားအဆင့် | လှုပ်အားသတ်မှတ်ချက် |
|---|---|
| 0 | ငလျှင်လှုပ်နေတာကို လူတွေမခံစားမိဘူး။ ဒါပေမဲ့ ငလျှင်တိုင်းတာတဲ့ စက်မှာတော့ 0 အဆင့်ဖြစ်နေတယ်။ |
| 1 | စာသင်ခန်းတွင်း ငလျှင်လှုပ်နေတာကို ခံစားမိတဲ့လူ အနည်းငယ်မျှသာ ရှိတယ်။ |
| 2 | စာသင်ခန်းတွင်း တချို့တဝက်ကလှုပ်နေတာကို ခံစားမိတယ်။အိပ်ပိုက်နေတဲ့သူရှိတောင် နိုးတယ်။ |
| 3 | စာသင်ခန်းတွင်း လူတော်တော်များများက ငလျှင်လှုပ်နေတာကို သိတယ်။ ခံစားမိတယ်။ လမ်းလျှောက်နေတဲ့သူတောင်ခံစားမိမယ်။အိပ်ပိုက်တဲ့သူတချို့တဝက်တောင်လန့်နိုးမယ်။ |
| 4 | လူတော်တော်များများကြောက်ရွံ့ထိတ်လန့်မယ်။လမ်းလျှောက်နေတဲ့သူတောင် လှုပ်နေတာကို ခံစားမိမယ်။ အိပ်ပိုက်တဲ့သူ အများစုက လန့်နိုးမယ်။ |
| 5 (အပျော့) | လူတော်တော်များများစိုးရွံ့ထိတ်လန့်လာမယ်။ အန္တရာယ်ကို ခံစားရမယ်။ စင်ပေါ်မှာ တင်ထားတဲ့ပန်းကန်ခွက်ယောက်စာအုပ်တွေကအစအောက်ကိုပြုတ်ကြမယ်။စိတ်မတည်ငြိမ် သူများမူးလဲကျသွားသောသူလည်းရှိတယ်။ ခိုင်ခန့်မှုမရှိသော အိမ်သုံး ပစ္စည်းများ ရွေ့လျားမှု လည်းရှိတယ်။ |
| 5 (အပြင်း) | အနီးအနားရှိအရာတစ်ခုခုကိုဆုပ်ကိုင်ထားခြင်းမရှိလျှင်လမ်းလျှောက်ဖို့တောင်ခဲယဉ်းမယ်။ ထုထည်ကြီးမားသော အိမ်ပရိဘောဂပစ္စည်းများ လဲကျမယ်။ ခိုင်ခန့်မှုမရှိသော အုတ်နံရံ တွေပျက်စီးတာလည်းဖြစ်မယ်။ |
| 6 (အပျော့) | မတ်တပ်ရပ်ဖို့ခဲယဉ်းမယ်။ |
| 6 (အပြင်း) | မတ်တပ်မရပ်နိုင်အောင်ဖြစ်မယ်။ ကြမ်းပြင်မှာ မှောက်လျက်အနေအထားဖြင့်ဘဲရွေ့လျား လို့ရမယ်။ တချို့ဆိုရင် ငလျှင်ကြောင့် မတ်တပ်တောင်မရပ်နိုင်ဘဲ လွှင့်ပါပြီး ရွေ့လျားသွား တဲ့သူတွေလည်းရှိတယ်။ |
| 7 | မတ်တပ်မရပ်နိုင်၊ ဂမ်းလျှားမမှောက်နိုင်အောင် ဖြစ်မယ်။ တချို့ဆိုရင် ငလျှင်ကြောင့် မတ်တပ်မရပ်နိုင်ဘဲလွှင့်ပါပြီးရွေ့လျားသွားတဲ့သူတွေလည်း ရှိတယ်။ |

## ၈။ ကျောင်းတက်ရောက်မှုတားမြစ်သည့် ကူးစက်ရောဂါ

အောက်ပါ ကူးစက်ရောဂါ ကူးစက်ခံရပါက ကျောင်းကျန်းမာရေးအာမခံဥပဒေအရ ကျောင်းမတက်ရပါ။ ကျောင်းပုံစံ၏ ကျောင်းတက်ရောက်ခွင့် ကို ဆရာဝန်ထံမှ ခွင့်ပြုချက်ရယူပြီးမှ တက်ရောက်နိုင်ပါသည်။ ကျောင်းတက်ရောက်ခြင်းခွင့်ပြုချက် သည် စာမျက်နှာ ၁၈တွင်ဖော်ပြထားခြင်းကြောင့် ကော်ပီကူးပြီး ဆေးရုံမှဆရာဝန်ထံပေးကာ ဖြည့်သွင်းရယူပါ။

၁။ တုတ်ကွေး (ရောဂါဖြစ်ပေါ်ပြီးနောက် ၅ရက်ကျော်လွန်ကာ ကိုယ်ပူကျပြီး ၂ရက်ကျသည်အထိ)
၂။ ရက် ၁၀၀ ချောင်းဆိုး (အထူးချောင်းဆိုးခြင်းတို့ မရှိတော့ခြင်း၊ ၅ရက်ကြာပိုးသတ်ဆေးသောက်ပြီး ဆေးကုသမှုပြီးမြောက်သည်အထိ)
၃။ ဝက်သက် (အပူကျပြီး နောက် ၃ရက်ကျသည်အထိ)
၄။ ကူးစက်ရောဂါ Mumps (အရောင်ကျသွားပြီး ၅ရက်ကျော်ပြီး တစ်ကိုယ်လုံးရောဂါ အနေအထား ပြန်ကောင်းလာသည် အထိ)
၅။ ဂျာမန် ဝက်သက် rubella (အနာပေါက်ခြင်း ပျောက်ကင်းသွားသည်အထိ)
၆။ ရေကျောက်ပေါက်ခြင်း (အားလုံးသောအနာပေါက်များအရေခွံလဲသည်အထိ)
၇။ Pharyngoconjunctival fever (ရောဂါလက္ခဏာပျောက်ကင်းပြီး၂ရက်ကြာသည်အထိ)
၈။ Tuberculosis, Meningitis, Bacterial meningitis (ဆရာဝန်၏ ခွင့်ပြုချက်အရ ကူးစက်ရောဂါမရှိဟု အသိအမှတ်ပြုသည်အထိ)
၉။ ထိုမှအခြား

## ၉။ အခြားအကြောင်းအရာ

### နေရပ်လိပ်စာ ပြောင်းလဲသည့်အခါ-

ဂျပန်ပြည်သို့လာရောက်ပြီးနောက် အိမ်အပြောင်းအရွှေ့ကြောင့်နေရပ်လိပ်စာ ပြောင်းလဲသည့်အခါ "နေထိုင်ခွင့်ကဒ်နှင့် နေထိုင်သူအခြေခံစာရင်းသွင်းစနစ်" အပိုင်းတွင်းတင်ပြခဲ့သလို နေထိုင်ခွင့်ကဒ်၏ဖော်ပြပါအကြောင်းအရာတို့ ပြောင်းလဲခြင်း၊ နိုင်ငံသားကျန်းမာရေးအာမခံ ကဒ်တို့ ပြောင်းလဲခြင်းစသည်တို့ မလုပ်မနေရဖြစ်ပါသည်။ ထို့ပြင် ကျောင်းသားကဒ်ထပ်မံထုတ်ပေးမည်ဖြစ်ပါသဖြင့် ရုံးခန်းသို့ပြောပါ။ ကျောင်းသားကဒ်ထပ်မံထုတ်ပေးရန် လိုအပ်သည်မှာ လိပ်စာအပြောင်းအလဲပြုလုပ်ခဲ့သော နေထိုင်ခွင့်ကဒ်နှင့် နိုင်ငံသားကျန်းမာရေးအာမခံကဒ်တို့ဖြစ်သည်။ ထို့ပြင်အခြားသော ဟန်းဖုန်းနံပါတ်နှင့် အချိန်ပိုင်းအလုပ်ဆက်သွယ်၊ လိပ်စာနှင့် ဖုန်းနံပါတ်တို့ အပြောင်းအလဲရှိသောအခါ ရုံးသို့ဆက်သွယ်ပါ။

### Asia Bunkakaikan PC corner, ABK college PC corner



ABK Japanese course, ABK College ၏ကျောင်းသားနှင့် ABK ၌နေထိုင်သူသာလျှင် အခမဲ့အသုံးပြုခွင့်ရှိပါမည်။ (ကြားရက်- ၁၂း၀၀ မှ ၁၇း၀၀ အထိအသုံးပြုနိုင်) PC cornerတွင် စားသောက်ခြင်းမပြုရ၊ စကားများပြောဆိုနေခြင်းလည်းမပြုလုပ်ရပါ။ Printer ကိုအသုံးပြုချိန်တွင် အဖြူအမဲ Print တစ်ရွက်လျှင် ယမ်း ၁၀၊ Color Print တစ်ရွက်လျှင် ယမ်း ၅၀ကုန်ကျပါမည်။ Scanner သည် PC အားလုံးတွင် အသုံးပြုနိုင်ပါသည်။

### School register ကျောင်းစာရင်းသွင်းနံပါတ် (Student ID number)

အားလုံးသော သတင်းအချက်အလက်တို့သည် ကျောင်းသားကဒ်တွင်ရေးထားပြီး (ကျောင်းစရင်းသွင်းနံပါတ်) အရ စီမံခန့်ခွဲလျှက်ရှိပါသည်။ အောင်လက်မှတ်လျှောက်ထားခြင်း၊ သင်တန်းကြေးပေးသွင်းခြင်း၊ ကျောင်းခေါ်ချိန် စုံစမ်းမေးမြန်းခြင်းစသည် အားလုံးသောကျောင်းစာရင်းသွင်းနံပါတ်ကို အသုံးပြုပါ။



## ကျောင်းစာသင်ချိန်အတွင်း

- အတန်းချိန်အတွင်းလက်ကိုင်ဖုန်းကို ပိတ်ထားပါ။ အတန်းချိန်အတွင်းစကားပြောခြင်း
  သည်စာသင်ကြားရေးကိုအနှောက်အယှက်ဖြစ်စေပါသည်။ အတန်းတွင်အနှောက်အယှက်ဖြစ်သည်ဟု မှတ်ယူခံရပါက လက်ကိုင်ဖုန်းကို အများပိုင်အဖြစ်သိမ်းယူခြင်းခံရပါမည်။
- နောက်ဆုံးတွင် စာသင်ခန်းမှထွက်သည့်အခါ မပျက်မကွက် လျှပ်စစ်မီးနှင့် လေအပူအအေး ပေးစက်တို့ကို ပိတ်ပါ။ လျှပ်စစ်မီးချွေတာခြင်းကို ပူးပေါင်းဆောင်ရွက်ကြပါ။
- နားချိန်၌လည်း အဖိုးတန်ပစ္စည်းများကိုထားရှိခဲ့ပြီး စာသင်ခန်းမှထွက်မသွားပါနှင့်။
- အမှိုက်ကို သတ်မှတ်နေရာ၌သာပစ်ပါ။ အထူးသဖြင့် စားပွဲခုံထဲသို့ အမှိုက်ကို မထည့်ပါနှင့်။
- စာသင်ခန်းအတွင်းဆေးလိပ်မသောက်ရ။ဆေးလိပ်သည် ဆေးလိပ်ပြာခွက်ရှိသည့်နေရာတွင်သာသောက်ပါ။
- ကျောင်းပြီးချိန်နောက်ပိုင်းနှင့် ပိတ်ရက်တို့တွင် စာသင်ခန်းကို အသုံးမပြုရပါ။

## အိမ်သာ

အားလုံး ရေသုံးအိမ်သာများဖြစ်ပါသည်။ အညစ်အကြေးစွန့်ပြီးနောက် မပျက်မကွက်ရေလောင်းချပေးပါ။
အမျိုးသမီးအိမ်သာ၏အခန်းတိုင်းတွင် အမှိုက်ပစ်ရန်ပုံးတွင် အိမ်သာသုံးစက္ကူကိုမထည့်ပါနှင့်။
အိမ်သာသုံးစက္ကူကိုရေဖြင့်လောင်းချပါ။

## သင်တန်းမဆုံးမီ တစ်ဝက်မှ ကျောင်းထွက်ခြင်း

အခြေအနေအကြောင်းအမျိုးမျိုးကြောင့် ကျောင်းအောင်ခြင်းကို မစောင့်ပဲကျောင်းထွက်ဖို့ဖြစ်လာသည့်အခါ တတ်နိုင်သမျှအစောဆုံး ရုံးခန်းသို့လာရောက်ဆွေးနွေးပါ။
ကျောင်းထွက်ချိန်တွင် အောက်ပါအတိုင်းလုပ်ဆောင်ချက်အဆင့်ဆင့်ရှိပါသည်။

- ကျောင်းထွက်စာတင်လျှောက်ခြင်း
- ကျောင်းသားကဒ်ပြန်ပေးခြင်း
- စာရွက်စာတမ်းပို့သည့်ဖယားဖြည့်သွင်းခြင်း (ကုန်ကျစရိတ်: ယန်း ၁၅၀၀ ထပ်မံပေးဆောင်ရန်လိုပါသည်။)
- တက်ကြွလှုပ်ရှားမှုများနှင့် ပတ်သက်သည့် တင်လျှောက်မှု ကိုလျှောက်တင်ခြင်း
- ထိုမှအခြား

## Home Page

ABK Home Page www.abk.or.jp ABK college home page www.abk.ac.jp
Homepageမှ ကျောင်း၏အားလုံးသောကိစ္စရပ်များနှင့် ပတ်သက်၍ အမျိုးမျိုးသော သတင်းအချက်အလက်များကို ရယူနိုင်ပါသည်။

## ဂျပန်စာသင်တန်းကျောင်း၏ ရုံးခန်း

နားမလည်တာ၊ စိတ်ပူပင်စရာ၊ မလုံခြုံခြင်း တို့အတွက် တစ်ဦးတည်းသောကရောက်မနေပဲ ရုံးခဲ့သို့လာခဲ့ပါ။ အားလုံး စိတ်အေးချမ်းသာစွာ ပညာတော်သင်နေထိုင်မှုဘဝသို့ ရောက်ရှိသည့်တိုင် အထူးကြိုးပမ်း အားပေးသွားမည်ဖြစ်သည်။

ABK Japanese Course ရုံးလုပ်ငန်းဆောင်ရွက်ချိန် — စနေ၊ တနင်္ဂနွေ၊ အစိုးရရုံးပိတ်ရက်များကို ဖယ်ရှားပြီး ကြားရက် ၉း၀၀ ~ ၁၇း၀၀နာရီ
Tel : 03-3946-2171, E-mail : nihongo@abk.or.jp

ABK College ရုံးလုပ်ငန်းဆောင်ရွက်ချိန် — စနေ၊ တနင်္ဂနွေ၊ အစိုးရရုံးပိတ်ရက်များကို ဖယ်ရှားပြီး ကြားရက် ၉း၀၀ ~ ၁၇း၀၀
Tel : 03-6912-0756, E-mail : info@abk.ac.jp

# ကျောင်းတက်ရောက်ရန်ခွင့်ပြုစာ

________________________ ခင်ဗျာ

အတန်း ________________________

အမည် ________________________

အထက်ပါပုဂ္ဂိုလ်သည် အောက်ဖေါ်ပြပါ အမှတ်စဉ်ရှိကျောင်းတွင်းကူးစက်ရောဂါ ပျံ့ပွားမှုကင်းစင်ရန်နှင့် ကျောင်းကျန်းမာရေးထိန်းသိမ်းရန် စံသတ်မှတ်ချက်အရ ကူးစက်ပျံ့ပွားမှုမရှိနိုင်ကြောင်း အသိအမှတ်ပြုပါသဖြင့်ကျောင်းတက်ရောက်မှုကို ခွင့်ပြုပါသည်။

အကြောင်းအရာ

| | |
|---|---|
| ၁။ တုတ်ကွေး | (ရောဂါဖြစ်ပေါ်ပြီးနောက် ၅ရက်ကျော်လွန်ကာ ကိုယ်ပူကျပြီး ၂ရက်ကျသည့်အထိ) |
| ၂။ ရက် ၁၀၀ ချောင်းဆိုး | (အထူးချောင်းဆိုးခြင်းတို့ မရှိတော့ခြင်း၊ ၅ရက်ကြာပိုးသတ်ဆေးသောက်ပြီး ဆေးကုသမှုပြီးမြောက်သည့်အထိ) |
| ၃။ ဝက်သက် | (အပူကျပြီး နောက် ၃ရက်ကျသည့်အထိ) |
| ၄။ ကူးစက်ရောဂါ Mumps | (အရောင်ကျသွားပြီး ၅ရက်ကျော်ပြီး တစ်ကိုယ်လုံးရောဂါ အနေအထား ပြန်ကောင်းလာသည် အထိ) |
| ၅။ ဂျာမန် ဝက်သက် rubella | (အနာပေါက်ခြင်း ပျောက်ကင်းသွားသည့်အထိ) |
| ၆။ ရေကျောက်ပေါက်ခြင်း | (အားလုံးသောအနာပေါက်များအရေခွံလဲသည့်အထိ) |
| ၇။ Pharyngoconjunctival fever | (ရောဂါလက္ခဏာပျောက်ကင်းပြီး၂ရက်ကြာသည့်အထိ) |
| ၈။ Tuberculosis, Meningitis, Bacterial meningitis | (ဆရာဝန်၏ ခွင့်ပြုချက်အရ ကူးစက်ရောဂါမရှိပဲ အသိအမှတ်ပြုသည့်အထိ) |
| ၉။ ထိုမှအခြား | |

ကျောင်းမတက်ရမည့် ကာလ- လ ရက် ~ လ ရက်

ခုနှစ် လ ရက်

လိပ်စာ -

ဖုန်း -

ဆရာဝန်အမည် – ㊞

# ABK သဘာဝဘေးအန္တရာယ်ကာကွယ်ရေးမြေပုံ

≪ငလျင်အစရှိသည့်သဘာဝဘေးအန္တရာယ်တို့ အတန်းချိန်အတွင်းဖြစ်ပါက≫

၁။ Bunkyo Green Court ၌ Class အလိုက်စုဝေးပြီး နာမည်တစ်ဦးစီခေါ်၍ လူစုံအောင်စစ်ဆေးခြင်း

၂။ Kagomachi elementary school (ဘေးရှောင်ရာနေရာ) ၌ ပုန်းခိုခြင်း

၃။ အဓိကစားသောက်ဖွယ်ရာများလိုအပ်ပါက အခြားနေရာဖြစ်သည့် Daikyu junior high school

၄။ ဘေးရှောင်ရာနေရာ၌ ရှိသည့်အခါတွင်
အုပ်ချုပ်ရေးတပ်ဖွဲ့မှမီးဘေးစသည်တို့အရဘေးရှောင်ရန်အကြောင်းကြားသည့်အခါ Rikugien (refuge area) သို့ပြောင်းရွှေ့ခြင်း

≪ငလျင်စသည့် ဘေးအန္တရာယ်တို့သည် အတန်းချိန်ပြင်ပဖြစ်ခဲ့ပါက≫

အထက်ဖော်ပြပါ နံပါတ် (၁) မပါပဲ (၂) မှစ၍ရေတွက်ပါ။

